# LGBTIQA နှင့် Non- LGBTIQA များကြား LGBTIQA များ၏ အခွင့်အရေး နှင့် လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ခြင်း

CAN-Myanmar
Civil Authorize Negotiate Organization

PFLAG-Myanmar

USAID
FROM THE AMERICAN PEOPLE

fhi360
THE SCIENCE OF IMPROVING LIVES



## စစ်တမ်းအစီရင်ခံစာ

**LGBTIQA နှင့် Non- LGBTIQA များကြား**

**LGBTIQA များ၏ အခွင့်အရေး နှင့်**

**လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ခြင်း**

# စစ်တမ်းအစီရင်ခံစာ

CAN-Myanmar

Civil Authorize Negotiate Organization

PFLAG-Myanmar

USAID FROM THE AMERICAN PEOPLE

fhi360 THE SCIENCE OF IMPROVING LIVES

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ကျေးဇူးတင်လွှာ | (၁) |
| မိတ်ဆက် | (၂) |
| မျှော်မှန်းချက်နှင့်ရည်မှန်းချက် | (၅) |
| စစ်တမ်းကောက်ယူခြင်းဆိုင်ရာနည်းနာများ | (၅) |
| အပိုင်း(၁) ယေဘုယျလက္ခဏာများ | (၆) |
| (၁) အသက်(ပြည့်ပြီး) | (၆) |
| (၂) မွေးရာပါလိင် | (၇) |
| (၃) လိင်ဝိသေသ(ဂျန်ဒါ) | (၈) |
| (၄) လိင်စိတ်တိမ်းညွှတ်မှု/ခံယူမှု | (၉) |
| လိင်စိတ်တိမ်းညွှတ်မှု၊လိင်ဝိသေသခံယူဖော်ပြမှုလက္ခဏာများ (SOGIE) | (၁၀) |
| (၅) လိင်စိတ်တိမ်းညွှတ်မှုသည်မွေးရာပါ(သို့)ရွေးခြယ်ရသည်ဟု သင်ထင်ပါသလား | (၁၁) |
| အပိုင်း(၂) LGBT များအပေါ်လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ | (၁၃) |
| LGBT များကြုံတွေ့ရသော စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | (၁၄) |
| LGBT များကြုံတွေ့ရသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ | (၁၅) |
| (၁) လူမှုပတ်ဝန်းကျင်နှင့်ဓလေ့ထုံးတမ်း | (၁၆) |
| (၂) မိသားစု | (၂၀) |
| (က) စစ်တမ်းဖြေဆိုသူများ၏အိမ်ထောင်ရေးအခြေအနေ | (၂၀) |
| (ခ) မိသားစုနှင့်ပတ်ဝန်းကျင်အတွင်း LGBT များရှိနေသည့်စစ်တမ်းဖြေဆိုသူများ | (၂၁) |
| (ဂ) မိသားစုနှင့်ပတ်ဝန်းကျင်အတွင်း LGBT များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုများ | (၂၁) |

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| (၃) ပညာရေးနယ်ပယ် | (၂၄) |
| (က)စစ်တမ်းဖြေဆိုသူများ၏ ပညာအရည်အချင်းများ | (၂၄) |
| (ခ) စစ်တမ်းဖြေဆိုသူများပညာဆက်လက်သင်ယူချင်မှု | (၂၅) |
| (ဂ) ပညာရေးနယ်ပယ်တွင် LGBT များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုများ | (၂၆) |
| (၄) အလုပ်ခွင် | (၂၉) |
| (က)စစ်တမ်းဖြေဆိုသူများ၏ အလုပ်အကိုင်များ | (၂၉) |
| (ခ) လိင်စိတ်ခံယူမှုကွဲပြားသူ LGBT များနှင့်အလုပ်ခွင် | (၃၁) |
| (ဂ) အလုပ်ခွင်အတွင်း LGBT များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုများ | (၃၁) |
| (၅) ကျန်းမာရေးနှင့် သက်ကြီးရွယ်အို စောင့်ရှောက်ရေး | (၃၄) |
| (၆) ဥပဒေ | (၃၆) |
| (က)စစ်တမ်းဖြေဆိုသူများ၏ ဥပဒေရေးရာအရာသိရှိနားလည်မှု | (၃၆) |
| (၁) LGBT များကိုခြိမ်းခြောက်နေသောဥပဒေများ | (၃၆) |
| (၂) ၄င်းဥပဒေများဆိုင်ရာ သိရှိနားလည်မှု | (၃၉) |
| (ခ) LGBT များ၏အခွင့်အရေး၊တရားဥပဒေဆိုင်ရာအခွင့်အရေးများနှင့်စပ်လျဉ်း၍ သိရှိနားလည်မှု | (၄၃) |
| (ဂ) တရားဥပဒေဆိုင်ရာကဏ္ဍတွင် LGBT များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုများ | (၄၅) |
| (ဃ) လိင်တူချစ်ခင်စုံမက်ခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာတန်းတူညီမျှခွင့်နှင့် စပ်လျဉ်းပြီး စစ်တမ်းဖြေဆိုသူများ၏အမြင် | (၄၆) |
| အကြံပြုချက်များ | (၅၄) |
| အနှစ်ချုပ် | (၅၈) |
| နောက်ဆက်တွဲ(၁)-စစ်တမ်းကောက်ယူခြင်းဆိုင်ရာစံနမူနာမေးခွန်း | (၆၀) |

# " ကျေးဇူးတင်လွှာ "

ဦးစွာပထမအနေဖြင့် "Enchancing Capacity for LGBT Rights Engagement" စီမံ ကိန်းကို ဘဏ္ဍာရေးအားဖြင့် ကူညီထောက်ပံ့ပေးသော USAID, FHI 360 တို့၏ Civil Society and Media Project စီမံကိန်းနှင့် စီမံကိန်း ဦးတည်ဒေသများမှ အရပ်ဖက် အဖွဲ့အစည်းများဖြစ်ကြ သော ခိုင်နှင်းဆီ-CBO (မုံရွာမြို့နယ်)၊ မီးအိမ်ရှင်လေးများအဖွဲ့ (ကျောက်ပန်းတောင်းမြို့နယ်)၊ ဟိုပင်ကန်းပတ်စ်အဖွဲ့ (ဟိုပင်မြို့နယ်)၊ အလင်းမီးအိမ်အဖွဲ့ (လားရှိုးမြို့နယ်)၊ အမြဲစိမ်းချစ်သူ များအဖွဲ့ (မိုးကောင်းမြို့နယ်)၊ Love Gay-SHG (တောင်ကြီးမြို့နယ်)၊ Thunder MaHlaing (မလှိုင်မြို့နယ်)၊ Diversity For Love (ကလေးမြို့နယ်)၊ Sky Dragon အဖွဲ့(ပြည်မြို့နယ်)၊ နှင့် Bright Pride Myanmar Lesbian Organization နှင့် TRY (CBO) (မန္တလေးမြို့နယ်) တို့မှ သက်ဆိုင်ရာ အဖွဲ့အစည်း အသီးသီး၏ တာဝန်ရှိသူများ နှင့် စေတနာ့ဝန်ထမ်းများအား အထူးပင် ကျေးဇူး တင်ရှိအပ်ပါသည် ။ ထို့အပြင် စီမံကိန်းအား လက်တွေ့အကောင်အထည် ဖော်ဆောင် ရွက်ပေးကြသော လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေး အဖွဲ့ (မြန်မာပြည်) C.A.N-Myanmar မှ တာဝန်ရှိသူများ ဖြစ်ကြသော ဒေါက်တာပြည့်စုံဟိန်း (ညွှန်ကြားရေးမှူး)၊ ဦးအေးချမ်းအောင် (စီမံကိန်း ညှိနှိုင်းရေးမှူး)၊ ဒေါ်ဇာဇာဦး (စီမံကိန်း အရာရှိ)၊ ဦးမိုးစက်အောင် (တွဲဖက်စီမံကိန်းအရာရှိ)၊ ဒေါ်ခိုင်ခင်ဦး (စီမံရေး နှင့် စာရင်းအင်း အရာရှိ) တို့အား လည်းကောင်း၊ စီမံကိန်း၏ အဓိကအခန်း ကဏ္ဍတစ်ခုဖြစ်သော "LGBTIQA များနှင့် Non-LGBTIQA များအကြား LGBTIQA များ၏ အခွင့် အရေး၊ လူ့အခွင့်အရေးများအား သိရှိ နားလည်မှု ဆန်းစစ်ခြင်း" စစ်တမ်းအစီရင်ခံစာ ရေးသားရာတွင် ဦးဆောင် ဆောင်ရွက်ခဲ့သော ဦးကောင်းဖော်ထက် (စီမံကိန်းအရာရှိ) ၏ အစီရင်ခံစာ စာအုပ်ဖြစ်မြောက်ရန် အတွက် ကြိုးပမ်းအားထုတ်မှုများ မပါဝင်ခဲ့လျှင် ဤအစီရင်ခံစာ ပုံနှိပ်ထုတ်လုပ်ရန် ဖြစ်နိုင်ခဲ့မည် မဟုတ်သဖြင့် ၎င်းတို့၏ ပါဝင် အားဖြည့် ပေးခဲ့မှုများကို ဤကျေးဇူးတင်လွှာမှ တစ်ဆင့် လိုက်လှဲစွာ အသိအမှတ်ပြုအပ်ပါသည် ။

# မိတ်ဆက်

LGBTIQAs ဟုဆိုရာတွင် (L=lesbian=အမျိုးသမီးချင်း ချစ်ခင်စုံမက်သူများ)၊ (G=Gay = အမျိုးသားချင်း ချစ်ခင်စုံမက်သူများ)၊ (B=Bisexual= အမျိုးသား အမျိုးသမီး-လိင်တူလိင်ကွဲ နှစ်မျိုးလုံးကိုချစ်ခင်စုံမက်သူများ)၊ (T=Transgender= ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲနေ ထိုင်သူများ) / (T=trans-sexual= ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲကုသခံယူနေသူ/ ပြီးသူ များ )၊ (I=Intersex ယောက်ျားဖြစ်သည် မိန်းမဖြစ်သည်ကို မွေးရာပါလိင်အင်္ဂါဖြင့် ခွဲခြားသတ်မှတ်၍ မရသေးသူ)၊ (Q=Questioning/Queer=မိမိ၏ လိင်စိတ်ကို လေ့လာ ပိုင်းဖြတ်နေဆဲ ကာလ အတွင်းရှိ သူများ၊ မိမိ၏ လိင်ဝိသေသကို ကျားမနှစ်မျိုး ထဲဖြင့် ဘောင်ခတ်သတ်မှတ် မပြသူများ)၊ (A=Asexual= လိင်စိတ်တိမ်းညွတ်မှု မရှိ/ နည်းပါသူများ) စသည့် သမာရိုးကျ ကျားမလိင်ဝိသေသ ဖော်ပြမှု၊ လက္ခဏာများ မဟုတ်သည့် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသူများကို ယေဘုယျအများပြည်သူ၊ အခြားသော တိုင်းသူပြည်သားများ နှင့် အစိုးရဌာနများဖြစ်သည့် တရားဥပဒေ စိုးမိုးရေးအာဏာပိုင်များ၊ အရာရှိများ(ရဲစခန်း)၊ စသည် ဌာနဆိုင်ရာများမှ နှုတ်ဖြင့် လည်းကောင်း၊ ကိုယ်ကာယအားဖြင့် လည်းကောင်း၊ စိတ်ပိုင်းရုပ်ပိုင်း ဆိုင်ရာမကပဲ လိင်ပိုင်းဆိုင်ရာအားဖြင့် ထိခိုက်စော်ကားခံနေရပြီး ယေဘုယျ အများပြည်သူများ အနေဖြင့်လည်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQAs များ အပေါ် မနှစ်မြို့ဘဲ အကြောင်းအရင်းမဲ့ ခွဲခြား ဆက်ဆံနေကြခြင်းများ ရှိနေကာ ထိုကဲ့သို့ ခွဲခြားဆက်ဆံခြင်းအားဖြင့် LGBTIQA များသည် ပြည်သူတစ်ဦး၊ နိုင်ငံသားတစ်ဦး၊ လူတစ်ဦးအတွက် ဖြစ်တည်မှုအပေါ် ရှိရင်းစွဲ အခြေခံ လူ့အခွင့်အရေးများ ချိုးဖောက်ခံ လာရခြင်းများအား သက်ဆိုင်ရာ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူများ၊ လိင်ဝိသေသ လိင်စိတ်ခံယူမှု ကွဲပြားသူများ အခွင့်အရေး တက်ကြွလှုပ်ရှားသည့် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ မြောက်မြားစွာ မှတ်တမ်းတင်လာကြသည် ။

မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအနက် အချို့ဥပဒေများမှာ LGBTIQA များကို ပစ်မှတ်ထား၍ ခြောက်လှန့်ရန်၊ နှောက်ယှက်ရန်နှင့် အပြစ်ပေးရန် အတွက်ဖော်ဆောင် ထားသည့် အသွင်ဖြစ်နေ လျက်ရှိသည် ။ အထူးသဖြင့် ရာဇသတ်ကြီးပုဒ်မ (၃၇၇)၊ ရဲအက်ပါ သောအယောင်ဆောင်မှု၊ မသ် ကာမှု၊ ပုဒ်မ ၃၀(ဃ) ရန်ကုန်ရဲအက်ဥပဒေ နှင့် ၃၅(ဂ)နှင့် (ဃ) ခေါ် မှောင်ရိပ်ခိုမှု  စသည်တို့ကို အသုံးပြု၍ ဖိနှိပ်ကြသည် ။ ယဉ်ကျေးမှု ဓလေ့ ထုံးတမ်းများအရ လူမှုအသိုင်းအဝိုင်းက လက်ခံမှုမရှိသည့်အပြင် LGBTIQA များကို ယင်းကဲ့သို့ဥပဒေအရ အသိအမှတ် မပြုခြင်းများက "လူသားတိုင်း

လူ့ဂုဏ်သိက္ခာ နှင့် အညီ ရှင်သန် နေထိုင်ခွင့်ရှိသည်” ဟုဆိုသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အချက်နှင့် သွေဖီပြီး လူ့အခွင့်အရေးကို လေးစားကာ အနှစ်သာရ ရှိသည့် ဒီမိုကရေစီ နိုင်ငံတော်အဖြစ် အသွင်ကူးပြောင်းနေသည့် မြန်မာနိုင်ငံအတွက်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းများကြားတွင် အင်မတန် အကျည်းတန်နေသော အရိပ်ဆိုးကြီးအဖြစ် အသွင်ယူလျက်ရှိသည် ။ LGBTIQA များနှင့် ပတ်သက်၍ ဥပဒေရေးရာ အကြံပေးလိုသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ဥပဒေရေးရာ ကျွမ်းကျင်ပုဂ္ဂိုလ်များ နည်းပါးခြင်း တို့ကလည်း LGBTIQA များအတွက် တရားဥပဒေအရ အကာအကွယ်ရယူရန် ကြီးမားသော စိန်ခေါ်မှုများ ဖြစ်ပေါ်နေစေပြီး LGBTIQA များအပါအဝင် အများပြည်သူများ အနေဖြင့်လည်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု၊ လိင်ဝိသေသ လက္ခဏာ ဖော်ပြမှုများ နှင့် ပတ် သက်သည့် ဗဟုသုတများ၊ လူ့အခွင့်အရေး နှင့် ဥပဒေရေးရာ ဗဟုသုတများ မရှိခြင်း နှင့် နည်းပါးခြင်းတို့ကလည်း ထိုပြဿနာ၏ မီးရှိန်ကို ပိုမိုပြင်းထန်အောင် လောင်စာတိုက်သွင်း နေလျက်ရှိသည် ။ အောက်ပါ အစီရင်ခံစာသည် USAID, FHI 360 ၏ Civil Society Media Project စီမံကိန်း၏ ကူညီထောက်ပံ့မှုဖြင့် C.A.N-Myanmar မှ အကောင်အထည် ဖော်ဆောင်ရွက်ခဲ့သည့် “Enhancing Capacity for LGBT Rights Engagement” စီမံကိန်းကြီး အကောင်အထည်ဖော်နေစဉ် ကာလပတ်တစ်လျှောက်လုံး သက်ဆိုင်ရာမြို့နယ်များတွင် “SOGIE, Advocacy and Legal Awareness Training” ခေါ် လိင်ဝိသေသ၊ လိင်စိတ်ခံယူ ဖော်ပြမှု ဝိသေသလက္ခဏာများ၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဥပဒေရေးရာ အသိအမြင် ဖွင့်သင်တန်း နှင့် တွဲဖက်ပြီး သင်တန်းနောက်ဆုံး နေ့ရက်များတွင် သင်တန်းသားများမှ ဦးဆောင်ပြီး ၄င်းတို့ဒေသအတွင်းရှိ LGBTIQA (၂၀) နှင့် Non-LGBTIQA (၂၀) ဦးတို့ကို “LGBTIQAs များ နှင့် Non-LGBTIQAs များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ခြင်း မှတ်တမ်း” ကောက်ခံခြင်းဖြင့် ရရှိလာသော သတင်း အချက်အလက်များကိုအခြေခံ၍ LGBTIQA များ၏ လူ့အခွင့်အရေး ချိုးဖောက်ခံနေရမှုများကို သိသာ ထင်ရှားအောင် မီးမောင်း ထိုးပြသွားမည်ဖြစ်ပါသည် ။ အဆိုပါစီမံကိန်းသည် ဧပြီလ (၂၀၁၇) မှ မတ်လ (၂၀၁၈) အတွင်း ကျောက်ပန်းတောင်းမြို့နယ်၊ မလှိုင်မြို့နယ် နှင့် မန္တလေးမြို့ (မန္တလေးတိုင်းဒေသကြီး)၊ ပြည်မြို့ (ပဲခူးတိုင်းဒေသကြီး)၊ တောင်ကြီးမြို့ (ရှမ်းပြည်နယ်တောင်ပိုင်း)၊ မုံရွာမြို့နယ် နှင့် ကလေးမြို့နယ် (စစ်ကိုင်းတိုင်းဒေသကြီး)၊ လားရှိုးမြို့ (ရှမ်းပြည်နယ်မြောက်ပိုင်း)၊ ဟိုပင်မြို့နယ် နှင့် မိုးကောင်းမြို့နယ် လူ့အခွင့်အရေးဆိုင်ရာ အသိအမြင် နိုးကြားခြင်း၊ ကွန်ယက်

ချိတ်ဆက်ခြင်း နှင့် စည်းရုံး လှုံ့ဆော်ခြင်း စွမ်းရည်မြှင့်တင်ခြင်း တို့ကို ဆောင်ရွက် ခဲ့သည့် စီမံကိန်းတစ်ခုဖြစ်ပြီး အဆိုပါ ဒေသများတွင် LGBTIQA များ အပေါ် လူ့အခွင့် အရေး ဆိုင်ရာ ချိုးဖောက်မှု၊ ဥပဒေရေးရာ အသိအမြင်နှင့် အကာအကွယ် ရရှိမှုတို့ကိုပါ C.A.N-Myanmar မှ ထဲထဲ ဝင်ဝင်လေ့လာခွင့် ရခဲ့သော စီမံကိန်းကြီး တစ်ခုလည်းဖြစ်သည် ။

ဤအစီရင်ခံစာသည် အဆိုပါစီမံကိန်း အကောင်အထည် ဖော်စဉ်ကာလအတွင်း LGBT များအပေါ် နည်းလမ်းပေါင်းစုံဖြင့် ခွဲခြားဆက်ဆံနေရမှုများကို လူမှုအသိုင်းဝိုင်း၊ မိသားစုတွင်း၊ ပညာရေး နယ်ပယ်၊ အလုပ်ခွင် နှင့် သက်ကြီးပိုင်းဘိုးဘွား များအား ကူညီစောင့်ရှောက်ခြင်း စသည့်ကဏ္ဍ အသီးသီးအလိုက် သိသာထင်ရှားအောင် ဖော်ညွှန်းသွားမည် ဖြစ်ပါသည် ။













# မျှော်မှန်းချက် နှင့် ရည်မှန်းချက်

C.A.N-Myanmar သည် မြန်မာ့ဒီမိုကရေစီအသွင် ကူးပြောင်းရေး ကာလတွင် လူမှုအသိုင်းအဝိုင်းအတွင်း LGBTIQAs လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသူများ၏ အခွင့်အရေး နှင့် ဖြစ်တည်မှုကို ပိုမိုသဘောပေါက် နားလည်လက်ခံလာသော မြန်မာ့ လူ့ဘောင် အဖွဲ့အစည်း တည်ဆောက်ရန် မျှော်မှန်းပြီး မြန်မာ LGBTIQAs လူမှုအသိုင်းအဝိုင်းအား အခြေခံဥပဒေ နှင့် အညီနိုင်ငံသားတိုင်း ရရှိရမည့် မူလ အခွင့်အရေးကို ရရှိကာ လူ့ဂုဏ်သိက္ခာ နှင့် အညီရှင်သန်နိုင်သော လူ့ဘောင်အဖွဲ့ အစည်းတစ်ရပ် ဖြစ်ပေါ်လာအောင် နည်းလမ်းစုံသုံး၍ ကူညီဆောင်ရွက်လျက် ရှိပါသည် ။ "Enhancing Capacity for LGBT Rights Engagement" စီမံကိန်းတွင် မြန်မာနိုင်ငံအတွင်းရှိ LGBTIQA လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ အခြေခံ လူမှုအသိုင်းအဝိုင်းများ အကြား လူ့အခွင့်အရေး အသိပညာမြင့်မားလာစေရန်၊ သတင်း အချက်အလက် နှင့် ကွန်ယက်ချိတ်ဆက်ခြင်းများ အားကောင်းလာစေရန် နှင့် မိမိတို့၏ စည်းရုံး လှုံ့ဆော်ရေးစွမ်းရည်များ တိုးတက်မြင့်မားလာစေရန် နှင့် LGBTIQA များ နှင့် Non-LGBTIQA များအကြား LGBTIQA များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှုကို ဆန်းစစ်နိုင်ရန် ဦးတည်၍ စစ်တမ်းကောက်ယူခြင်း အစီအစဉ်များကို ထည့်သွင်း ဆောင်ရွက် ခဲ့ခြင်းဖြစ်ပါသည် ။

# စစ်တမ်းကောက်ယူခြင်း ဆိုင်ရာနည်းနာများ

မြန်မာနိုင်ငံအတွင်းရှိ LGBTQAs လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ အခွင့်အရေးဆိုင်ရာ စေ့စပ်လုပ်ဆောင်ခြင်းအတွက် စွမ်းရည်မြှင့်တင်ခြင်း ဆိုင်ရာ စီမံကိန်းကို အကောင် အထည် ဖော်ဆောင်ရွက်စဉ် ကာလပတ် တလျှောက်လုံး သုသေသန ရေးရာ ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာမြို့နယ် အသီးသီးရှိ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ နှင့် ခေါင်းဆောင်များ၏ အကြံဉာဏ်များ၊ တိုင်ပင်မှု များဖြင့် စုစည်း ရေးသားထားသည့် စစ်တမ်းမေးခွန်းများဖြင့် ဖော်ပြပါစီမံကိန်း ဦးတည်ရာ မြို့ကြီး (၁၈) မြို့နယ်အတွင်းရှိ LGBTIQA နှင့် Non-LGBTIQAတစ်မြို့လျှင် အယောက်(၄၈) စီ၊ စုစုပေါင်း အယောက် (၄၈၈) တို့အား မေးမြန်း ကောက်ယူခဲ့ခြင်း ဖြစ်ပါသည် ။ စစ်တမ်းကောက်ယူရာတွင်လည်း မိမိတို့ဖော်ပြလိုသည့် LGBTIQAs များ၏ ကဏ္ဍအသီးသီးတွင် ခွဲခြားဆက်ဆံ ခံနေရမှုများကို သေချာတိကျမှုနှင့် မှန်ကန်မှု ရှိစေရန် C.A.N- Myanmar စီမံကိန်းဌာနမှ တာဝန်ရှိသူများက ကိုယ်တိုင်ကိုယ်ကျ သွားရောက်ကြီးကြပ်ခဲ့ခြင်း ဖြစ်ပါသည် ။

(စစ်တမ်းကောက်ယူခြင်းဆိုင်ရာစံနမူနာမေးခွန်းကို နောက်ဆက်တွဲ (၁) တွင်တွေ့နိုင်ပါသည်။)


စစ်တမ်းတွင် လိင်ဝိသေသ လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQA များနှင့် LGBTIQA မဟုတ်သော ပြည်သူ လူထုများအကြား LGBTIQA များ၏ အခွင့် အရေးနှင့် လူ့အခွင့်အရေး ဆိုင်ရာသိမြင် နိုးကြားမှုကိုဆန်း စစ်သည့် မေးခွန်း များအား မေးမြန်းခဲ့ခြင်းဖြစ်ပြီး မေးခွန်းများကို အခြေခံပုဂ္ဂိုလ်ရေးရာ သတင်း အချက်အလက်များ၊ ယေဘုယျ လက္ခဏာများအဖြစ် အပိုင်း(၁)၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ တရားဥပဒေနှင့် LGBTIQA များ၏ အခွင့်အရေးနှင့် စပ်လျဉ်းသည့် သိရှိနားလည်မှုအဖြစ် အပိုင်း (၂)၊ နှင့် အဆိုပါအပိုင်း (၂) ၏ နောက်ဆုံး မေးခွန်းများဖြစ်သည့် လူ့အခွင့်အရေး ဆိုင်ရာဗဟုသုတ များကို ဆန်းစစ်ခြင်း မေးခွန်းများ အတွက် နောက်ဆက်တွဲ (က) - အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းနှင့် နောက်ဆက်တွဲ (ခ) - ဂျော်ဂျာကာတာ လူ့အခွင့်အရေး စံချိန်စံညွှန်းများကို တွဲဖက်ဖော်ပြပြီး မေးမြန်းခဲ့ခြင်းဖြစ်ပါသည် ။ ဤအစီရင်ခံစာတွင် အထက်ပါမြို့နယ်(၁၁)ခုအ တွင်းရှိ အသက်အရွယ် အပိုင်းအခြား (၁၈ နှစ်အောက်၊ ၁၈ နှင့် ၂၅ အကြား ၊၂၅ နှင့်  ၃၅ အကြား၊ ၃၅ နှစ်နှင့် အထက်)၊ မွေးရာပါလိင် (ကျား၊ မ၊ ကျား/မအင်္ဂါ နှစ်မျိုးလုံးပါရှိသူ ၊ အခြား)၊ လိင်ဝိသေသ ဂျန်ဒါ ( ကျား၊ မ၊  လိင်တူချစ်သူအမျိုးသား၊ လိင်တူချစ်သူအမျိုးသမီး၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား ၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီး)၊ လိင်စိတ်တိမ်းညွှတ်မှု (ဆန့်ကျင်ဘက်လိင်ကိုစိတ်ဝင်စားသူ ၊ လိင်တူချင်း စိတ်ဝင်စားသူ ၊ လိင်တူလိင်ကွဲ စိတ်ဝင်စားသူ)၊ စသည်တို့ အပေါ် မူတည်ပြီး ၄င်းတို့၏ စစ်တမ်းဆိုင်ရာ ဖြေဆိုချက်များကို ခွဲခြမ်းစိတ်ဖြာ သွားမည်ဖြစ်ပါသည် ။

# အပိုင်း(၁) - ယေဘုယျလက္ခဏာများ

## ပုဂ္ဂိုလ်ရေးရာဖော်ပြမှုလက္ခဏာများ (Personnel)

### (၁) အသက် (ပြည့်ပြီး)


ဖြေဆိုသူ အယောက် (၄၇၇) တို့တွင် ၄င်းတို့၏ အသက်အရွယ် အပိုင်းအခြား များကို အောက်ပါအတိုင်း ခွဲခြမ်း စိတ်ဖြာနိုင်ခဲ့ပါသည် ။




ဖြေဆိုသူများ အနက် ၄% မှာ အသက် (၁၈) နှစ်အောက် အမျိုးသား/အမျိုးသမီးများဖြစ်ပြီး၊ ၅၇.၅% မှာ အသက် (၁၈)မှ(၂၅)နှစ်ကြား၊ ၂၃.၅% မှာ အသက်(၂၅) မှ (၃၅)နှစ်ကြား၊ ၁၅% မှာ အသက် (၃၅)နှစ် နှင့် အထက် အမျိုးသား အမျိုးသမီးများဖြစ်ကြသည်ကို သိရှိရပါသည် ။

## (၂) မွေးရာပါလိင်

ဖြေဆိုသူများ၏ မွေးရာပါလိင် (Sex) ကိုမူ အမျိုးသားအားဖြင့် (၂၅၅ဦး) ၆၃.၈ % ၊ အမျိုးသမီး (၁၄၂ဦး) ၃၅.၅% နှင့် ယောကျ်ားအင်္ဂါ နှင့် မိန်းမအင်္ဂါ နှစ်မျိုးလုံးပါသူ (Intersex) (၃ဦး) ၀.၇% အဖြစ် အသီးသီးတွေ့ရှိရသည် ။




## (၃) လိင်ဝိသေသ (ဂျန်ဒါ) Gender

အထက်ပါ မွေးရာပါလိင်အရ ကျား (၂၅၅)ဦး၊ မ(၁၄၂)ဦးနှင့် အင်္ဂါနှစ်မျိုး လုံးပါရှိသူ (၃) ဦးတို့ အနက်မှ တစ်ဦးချင်းစီ၏ လိင်ဝိသေသ ခံယူဖော်ပြမှု Gender ကိုမူ အောက်ပါအတိုင်း တွေ့ရှိရသည် ။ ကိန်းညွှန်းအရ ဖြေဆိုသူအယောက်(၄၀၀) ၏ ၅၃.၆% (ထက်ဝက်ကျော်ခန့်) တို့မှာ LGBTIQA များ ဖြစ်ကြသည်ကိုသိရှိနိုင်ပါသည် ။

| Gender of Respondents | Biological Sex | | | Total | Percent |
|---|---|---|---|---|---|
| | Male | Female | Intersex | | |
| ဆန့်ကျင်ဘက်လိင်စိတ်ဝင်စားသူ အမျိုးသား (Straight Male) | 89 | 0 | 0 | 89 | 22.3% |
| ဆန့်ကျင်ဘက်လိင်စိတ်ဝင်စားသူ အမျိုးသမီး (Straight Female) | 0 | 96 | 1 | 97 | 24.3% |
| လိင်တူချစ်သူအမျိုးသား(Gay) | 99 | 0 | 2 | 101 | 25.3% |
| လိင်တူချစ်သူအမျိုးသမီး(Lesbian) | 0 | 22 | 0 | 22 | 5.5% |
| ဆန့်ကျင်ဘက်လိင်ကဲ့သို့ဝတ်ဆင်သူ အမျိုးသား (Transgender Man) | 0 | 24 | 0 | 24 | 6% |
| ဆန့်ကျင်ဘက်လိင်ကဲ့သို့ဝတ်ဆင်သူ အမျိုးသမီး(Transgender Woman) | 67 | 0 | 0 | 67 | 16.8% |
| | 255 | 142 | 3 | 400 | 100% |

မှတ်ချက် : Male ဟု ဆိုရာတွင် မွေးရာပါလိင်မှာ ယောကျ်ားလေးဖြစ်ပြီး မိမိကိုယ်တိုင်လည်း ယောကျ်ားလေး တစ်ဦးကဲ့သို့ခံယူပြုမူ ဝတ်စားနေထိုင်သူဖြစ်သည် ။ Female ဟုဆိုရာတွင် မွေး ရာပါလိင်မှာ မိန်းကလေးဖြစ်ပြီး မိမိကိုယ်တိုင်လည်း မိန်းကလေးတစ်ဦးကဲ့သို့ ခံယူပြုမူ ဝတ်စား နေထိုင်သူဖြစ်သည် ။ Gay ဟုဆိုရာတွင်မွေးရာပါလိင်မှာ ယောကျ်ားလေး ဖြစ်ပြီး မိမိကိုယ်တိုင်လည်း ယောကျ်ားလေးတစ်ဦးကဲ့သို့ ခံယူပြုမူဝတ်စားနေထိုင်ကာ ၎င်းနှင့်ပုံစံတူ အခြား ယောကျ်ားလေး တစ်ဦးကိုသာ ချစ်ခင်စုံမက်သူကို ဆိုလိုသည် ။ Lesbian ဟု ဆိုရာတွင် မွေးရာပါ လိင်မှာ မိန်းကလေးဖြစ်ပြီး မိမိကိုယ်တိုင်လည်း မိန်းကလေးတစ်ဦး ကဲ့သို့ပင် ခံယူပြုမူဝတ်စား နေထိုင်ကာ မိမိနှင့်ပုံစံတူ အခြားမိန်းကလေးတစ်ဦးကိုသာ ချစ်ခင် စုံမက်သူကို ဆိုလိုသည် ။ Transgender Man ဟုဆိုရာတွင် မွေးရာပါလိင်မှာ မိန်းကလေး ဖြစ်ပြီး မိမိကိုယ်တိုင် ယောကျ်ားလေး အဖြစ်ခံယူကာ ယောကျ်ားလေးကဲ့သို့ ပြုမူဝတ်စား နေထိုင်သူကို ဆိုလိုသည် ။ Transgender Woman ဟုဆိုရာတွင် မွေးရာပါလိင်မှာ ယောကျ်ားလေး ဖြစ်ပြီး မိမိကိုယ်တိုင် မိန်းကလေး တစ်ဦးအဖြစ် ခံယူကာ မိန်းကလေး တစ်ဦးကဲ့သို့ ပြုမူဝတ်စား နေထိုင်သူကို ဆိုလိုသည် ။





## (၄) လိင်စိတ်တိမ်းညွတ်မှု/ခံယူမှု (Sexual Orientation)

| Sexual Orientation Of Respondents လိင်စိတ်တိမ်းညွတ်မှု | Biological Sex မွေးရာပါလိင် | | | Total စုစုပေါင်း | Percent ရာနှုန်း |
|---|---|---|---|---|---|
| | Male ကျား | Female မ | Intersex ကျား+မ အင်္ဂါနှစ်ရပ်ပါရှိသူ | | |
| Heterosexual (ဆန့်ကျင်ဘက်လိင်ကိုစိတ်ဝင်စားသူ) | 125 | 93 | 0 | 218 | 54.5% |
| Homosexual (လိင်တူချင်းစိတ်ဝင်စားသူ) | 110 | 45 | 2 | 157 | 39.25% |
| Bisexual(လိင်တူလိင်ကွဲစိတ်ဝင်စားသူ) | 20 | 4 | 1 | 25 | 6.25% |

မှတ်ချက် : ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားသူ (heterosexual) ဆိုရာတွင် မိမိ၏ မွေးရာပါ လိင်ပေါ် အခြေမခံပဲ ထိုသူက ခံယူထားသော မိမိလိင်ဝိသေသ (Gender) နှင့် ဆန့်ကျင်ဘက် လိင်ကို စိတ်ဝင်စားသူကို ဆိုလိုသည် ။ လိင်တူချင်း စိတ်ဝင်စားသူ (homosexual) ဆိုရာတွင် မိမိ၏ မွေးရာပါလိင်ပေါ် အခြေမခံပဲ ထိုသူကခံယူထားသော မိမိလိင်ဝိသေသ(Gender) နှင့် တူညီသော လိင်ကို စိတ်ဝင်စားသူကို ဆိုလိုသည် ။ လိင်တူ/လိင်ကွဲစိတ်ဝင်စားသူ (bisexual) ဆိုရာတွင် မိမိ၏ မွေးရာပါလိင်ပေါ် အခြေမခံပဲ ထိုသူက ခံယူထားသော မိမိလိင်ဝိသေသ (Gender) နှင့် တူညီသောလိင် နှင့် ဆန့်ကျင်ဘက် လိင်နှစ်မျိုးလုံးကိုပါ စိတ်ဝင်စားသူကို ဆိုလိုသည် ။ Sexual orientation လိင်စိတ် တိမ်းညွတ်မှုသည် ဆေးပညာသဘောအရ အထက်ပါ (၃) မျိုးတည်းသာမဟုတ်ပဲ မျိုးကွဲပေါင်းများစွာ ရှိသေးသည်ကို သတိပြုရန် ဖြစ်သည် ။

## Sexual Orientation of Respondents




အထက်ပါကိန်းဂဏန်းများအရ ဖြေဆိုရာတွင် ပါဝင်သော မွေးရာပါ လိင်ကျား (၂၅၅) ဦး အနက် (၁၂၅) ဦး တို့မှ ဆန့်ကျင်ဘက် လိင်ကိုစိတ်ဝင်စားသူ၊ ၁၁၈ ဦးတို့မှာ လိင်တူချင်း စိတ်ဝင်စားသူ၊ ၂၈ ဦးတို့မှာ လိင်တူလိင်ကွဲစိတ် ဝင်စားသူများ ဖြစ်ကြပြီး ဖြေဆိုရာတွင် ပါဝင်သောမွေးရာပါ လိင်မ (၁၄၂) ဦးအနက် (၉၃) ဦးတို့မှာ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားသူ ၊ (၄၅) ဦးတို့မှာ လိင်တူချင်း စိတ်ဝင်စားသူ နှင့် (၁) ဦး တို့မှာ လိင်တူ လိင်ကွဲစိတ်ဝင် စားသူများဖြစ်ကြကာ Intersex (၃) ဦးတို့အနက် (၂) ဦးမှာ ၄င်းတို့ ခံယူ ထားသော လိင်နှင့်တူညီသည့် လိင်ဝိသေသနှင့် တူညီသူများကို စိတ်ဝင်စားသူနှင့် (၁) ဦးမှာ လိင်တူလိင်ကွဲ နှစ်မျိုးလုံးကို စိတ်ဝင်စားသူများ ဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည် ။

Sexual Orientation, Gender Identity/Expressions and Sex Characteristics

(လိင်စိတ်တိမ်းညွတ်မှု၊လိင်ဝိသေသ၊ဖော်ပြမှုလက္ခဏာများ)

World Health Organization (WHO) ကမ္ဘာ့ကျန်းမာရေး အဖွဲ့က လိင်တူချင်း နှစ်သက်ခြင်း၊ လိင်တူလိင်ကွဲ နှစ်သက်ခြင်း အစရှိသည့် ကွဲပြားသော လိင်စိတ် ခံယူမှုများသည် စိတ်ကျန်းမာရေး ချို့တဲ့သူများမဟုတ် ဟူသောအဆိုကို ၁၉၉၂ ခုနှစ်၊ ICD-10 တွင် အတိအလင်း ကြေညာခဲ့သည် ။ Sexual Orientation, Gender Identty /Expressions and Sex Characteristics (လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသ၊ ဖော်ပြမှုလက္ခဏာများ) သည် လူတစ်ဦး၏ မွေးရာပါဖြစ်ပြီး ရွေးချယ်၍မရပါ ။ လူတစ်ဦး ၏ မွေးရာပါ လိင်နှင့် ၄င်း၏ လိင်ဝိသေသ ဖော်ပြမှု လက္ခဏာတို့သည် အမြဲတမ်း ကိုက်ညီနေမှု မရှိနိုင်ပါ ။ ထိုသို့ ကွဲပြားသော လိင်စိတ်ခံယူမှုရှိသူများ


ကွဲပြားသော လိင်စိတ်ခံယူမှုရှိသူများ စစ်တမ်းဖြေဆိုသူများ အနေဖြင့် လိင်စိတ်တိမ်းညွတ်မှု သည် မွေးရာပါ ဖြစ်သော်လည်း ရွေးခြယ်၍ ရသည်ဟု မှားယွင်းစွာ ထင်မြင်နေသူများမှာ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQA များ ကိုယ်တိုင်ပါဝင်နေပြီး အရေအတွက် အားဖြင့် ရာခိုင်နှုန်းတွက်ဆကြည့်လျှင် ဖြေဆိုသူ အားလုံး၏ (40.7)% မှာ မှားယွင်းခြင်းနှင့် ကျွမ်းဝင်မှု မရှိသေးသော အသိအမြင်တို့ ရှိနေသည်ကို အောက်ပါ အတိုင်း တွေ့မြင် ရမည်ဖြစ်သည် ။ ကမ္ဘာနှင့် တစ်ဝှမ်းတွေ့ကြုံ ခံစားနေရသော လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ၊ အကြမ်းဖက်ခံ ရမှုများကို အစီရင်ခံသည့် ကျွမ်းကျင်ပုဂ္ဂိုလ်တစ်ဦး ကိုလည်း ကမ္ဘာ့ကုလသမဂ္ဂ အသင်းချုပ်ကြီး လက်အောက်ရှိ “လိင်စိတ်တိမ်းညွတ်မှု၊ လိင်ဝိသေသ၊ ဖော်ပြမှုလက္ခဏာများ ကွဲပြားသူများ အပေါ်အကြမ်းဖက်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းကို ကာကွယ်ပေးခြင်းဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်” ကိုခန့်အပ်ထားပြီး လိင်စိတ်ခံယူမှု လိင်ဝိသေသ ကွဲပြားမှုများအပေါ် အခြေခံသည့်ခွဲခြား ဆက်ဆံမှု အကြမ်းဖက်မှုများ စသည့်ဖြစ်စဉ်များ အတွက် စောင့်ကြည့် လုပ်ဆောင်လျက် ရှိပါသည် ။ လိင်စိတ်တိမ်းညွတ်မှုနှင့် လိင်ဝိသေသ ကွဲပြားသူများသည် ၎င်းတို့အပေါ် ခွဲခြားဆက်ဆံ ခံရခြင်းများကို နေ့စဉ်နှင့် အမျှကြုံတွေ့နေပြီး မိမိတို့၏ ဖြစ်တည်မှု နှင့် ပတ်သက်ပြီး ၎င်းတို့အနေဖြင့် မဖြစ်မနေ သိသင့်သော Sexual Orientation and Gender Identity/ Expression and Sex Characteristics (လိင်စိတ်ခံယူမှု၊ လိင်ဝိသေသ၊ လက္ခဏာဖော်ပြမှုများ) ဆိုင်ရာဗဟုသုတများ မပြည့်ဝ နေခြင်းသည် အများပြည်သူ အကြား ၎င်းတို့ကိုပွင့်လင်းသော အမြင်တစ်ခုပေးနိုင်ရန် အခြေအနေကို ဟန့်တားနေသည့် စိန်ခေါ်မှုတစ်ခုလည်း ဖြစ်နေပြန်သည် ။

(၅) လိင်စိတ်တိမ်းညွတ်မှုသည်မွေးရာပါ (သို့) ရွေးခြယ်ရသည်ဟုသင်ထင်ပါသလား ။

| Gender of Respondents<br>ဖြေဆိုသူ၏လိင်ဝိသေသ | Do you think that Sexual Orientation is a born-with or a choice?<br>လိင်စိတ်တိမ်းညွတ်မှုသည်မွေးရာပါ(သို့)ရွေးခြယ်၍ရသည်ဟုသင်ထင်ပါသလား။ | | | |
|---|---|---|---|---|
| | Born-with<br>မွေးရာပါဖြစ်သည် | A choice<br>ရွေးခြယ်၍ရသည် | Unknown<br>မသိပါ | Total<br>စုစုပေါင်း |
| ဆန့်ကျင်ဘက်လိင်စိတ်ဝင်စားသူအမျိုးသား (Straight Male) | 43 | 22 | 24 | 89 |
| ဆန့်ကျင်ဘက်လိင်စိတ်ဝင်စားသူအမျိုးသမီး (Straight Female) | 48 | 23 | 26 | 97 |
| လိင်တူချစ်သူအမျိုးသား | 67 | 20 | 14 | 101 |

| | | | | |
|---|---|---|---|---|
| (Gay) | | | | |
| လိင်တူချစ်သူအမျိုးသမီး (lesbian) | 14 | 3 | 5 | 22 |
| ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်သူအမျိုးသား (Transgender Man) | 14 | 5 | 5 | 24 |
| ဆန့်ကျင်ဘက်လိင်သို့ပြောင်းလဲဝတ်ဆင်သူအမျိုးသမီး (Trangender Woman) | 51 | 8 | 8 | 67 |
| Total စုစုပေါင်း | 237 | 81 | 82 | 400 |

ကိန်းဂဏန်းများအရ ဖြေဆိုသူများထဲတွင် လိင်စိတ်တိမ်းညွတ်မှုကို မွေးရာပါဟု မှန်ကန်စွာ သိရှိထားသူမှာ ၂၃၇ ယောက်၊ ရွေးချယ်ရသည်ဟု ထင်မြင်သူ ၈၁ ယောက်၊ မသိရှိသူ ၈၂ ယောက် အသီးသီး တို့ဖြစ်ကြပြီး ဖြေဆိုသူများရှိ LGBTIQA (၂၁၇) ယောက်တို့တွင် (၁၄၆) ယောက် (၆၇.၂၈%) ဦးရေထက်ဝက်ကျော်ခန့်တို့သည် မွေးရာပါဟု သိရှိထားသော်လည်း ကျန် (၃၆) ယောက်(၁၆.၆%) တို့မှာရွေးချယ်၍ရသည် ဟူ၍လည်းကောင်း၊ အခြား (၃၂) ယောက် (၁၄.၇%) တို့မှာ မသိရှိဟူ၍ လည်းကောင်းဖြေဆိုထားသည်ကို ကြည့်ခြင်းအားဖြင့် Sexual Orientation and Gender Identity/Expression, Sex Characteristics (SOGIESC) ခေါ် လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်ခံယူဖော်ပြမှု လက္ခဏာများဆိုင်ရာ ဗဟုသုတ အသိအမြင်မရှိသူသည် စစ်တမ်း ဖြေဆိုသူများ၏ ၄၀.၇၅% ဖြစ်သည်ကို တွေ့ရှိ ရမည် ဖြစ်သည် ။



# အပိုင်း (၂) - လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQAs များအပေါ် လူ့အခွင့်အရေး ချိုးဖောက်ခံရမှုများ

LGBTIQAs များသည် ၎င်းတို့ ရှင်သန်နေထိုင်ရာ ပတ်ဝန်းကျင် နှင့် လူမှုအသိုင်းအဝိုင်း အတွင်းကြုံ တွေ့နေရသော ခွဲခြား ဆက်ဆံခြင်းများ နှင့် လူ့အခွင့်အရေး ချိုးဖောက်ခြင်းများကို "Enhancing Capacity for LGBTIQAs Rights Engagement" စီမံကိန်း ကာလ အကောင်အထည် ဖော်စဉ် ကာလပတ် တစ်လျှောက်လုံး စီမံကိန်းဦးတည် ဒေသဖြစ်သည့် မြို့ကြီး (၁၈)မြို့နယ်တို့အသီးသီး တို့တွင်-


(၁) လူမှုပတ်ဝန်းကျင်နှင့်ဓလေ့ထုံးတမ်း
(၂) မိသားစုတွင်း
(၃) ပညာရေးနယ်ပယ်
(၄) အလုပ်ခွင်
(၅) ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး နှင့်
(၆) ဥပဒေပိုင်း စသည့် ကဏ္ဍအသီးသီး၌ လေ့လာနိုင်ခဲ့ပြီး အဆိုပါ အကြောင်းအရာ များကို "LGBTIQA နှင့် Non-LGBTIQA များအကြား လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ အခွင့်အရေး၊ လူ့အခွင့်အရေး သိရှိနားလည်မှုဆန်းစစ်ချက်" စစ်တမ်း ပါဝင်ဖြေဆိုခဲ့သူများ၏ မျက်နှာချင်းဆိုင် တစ်ဦးချင်းဖြေကြားခြင်းများ၊ အင်တာဗျူးများမှ ရရှိလာသော အချက် အလက်များပေါ် အခြေခံကာ သိသာထင်ရှားအောင် တင်ပြသွားမည်ဖြစ်ပါသည်။

အထက်ပါကဏ္ဍများအားလုံးတို့တွင် စစ်တမ်းဖြေဆိုသူများ အနက်ခွဲခြား ဆက်ဆံ ခံရခြင်းများ၊ အကြမ်းဖက် ခံရခြင်းရှိ/မရှိကို စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ စသည်ဖြင့်ခွဲခြားပြီး ဥပမာပေး ဖြေဆိုမှုများနှင့် တကွစစ်တမ်း မေးခွန်းအပိုင်း (၂) ဖြစ် သည့် လူ့အခွင့်အရေး ချိုးဖောက်မှု များ၊ တရားဥပဒေနှင့် LGBTIQA များ၏ အခွင့် အရေးနှင့် စပ်လျဉ်းသည့် သိရှိနားလည်မှု - အပိုင်း တွင် မေးမြန်းခဲ့သည်။

စစ်တမ်းဖြေဆိုသူများ အနက်မှ အထူးသဖြင့် ဆန့်ကျင်ဘက်လိင် ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသားနှင့် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီးများ အပေါ် လူမှုအသိုင်းအဝိုင်းက စိတ်ပိုင်း ရုပ်ပိုင်း နှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ထဲထဲ ဝင်ဝင် မေးမြန်းနိုင်ခဲ့ပြီး အောက်ပါ ကိန်းဂဏန်းများ အတိုင်း ဖော်ပြနိုင်ခဲ့ပါသည် ။

| | | | |
|---|---|---|---|
| သင့်ဒေသ/မြို့နယ်အတွင်းရှိ အမျိုးသားကဲ့သို့ပြောင်းလဲဝတ်ဆင်သူ (Tom-boy) နှင့် အမျိုးသမီးကဲ့သို့ပြောင်းလဲဝတ်ဆင်သူ (Transgender Woman) များကို လူမှုအသိုင်းအဝိုင်းတွင်စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းများကြားဖူးပါသလား။<br>☐Yes ☐No<br>သိရှိပါက သင့်ဒေသ/မြို့နယ်အတွင်းရှိထိုကဲ့သို့သောဖြစ်စဉ်တစ်ခု(သို့)များ ကိုဥပမာပေးပေးပါ။<br>☐Transgender Man<br>☐Transgender Woman | | | |
| Yes | | | No |
| 57.3% | | | 42.7% |
| TransMan | Trans Woman | Both | |
| 17.02% | 68.5% | 14.5% | |

E ^s b□Vl r □e b^oa □l c□^kv □^pbpl□ c□me vpf` ^i □^ka □j bkq^i E ^o^ppj bkqp□@l j j fqpba □ql t ^oa p□qp^kpdbka bo□j ^k, qp^kpdbka bo□t l j ^k □fk □vl r o□^ob^p□<



သင့်ဒေသ/မြို့နယ်အတွင်းရှိ အမျိုးသားကဲ့သို့ပြောင်းလဲဝတ်ဆင်သူ (Tom-boy) နှင့် အမျိုးသမီးကဲ့သို့ပြောင်းလဲဝတ်ဆင်သူ (Transgender Woman) များကို လူမှုအသိုင်းအဝိုင်းတွင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းများကြားဖူးပါသလား။

☐Yes ☐No

သိရှိပါက သင့်ဒေသ/မြို့နယ်အတွင်းရှိထိုကဲ့သို့သောဖြစ်စဉ်တစ်ခု(သို့)များ ကိုဥပမာပေးပေးပါ။


☐Transgender Man

☐Transgender Woman

| Yes | No |
|---|---|
| 46.4% | 53.6% |

| TransMan | Trans Woman | Both |
|---|---|---|
| 20.4% | 65.1% | 14.5% |

**E ^s b l r e b^oa l c ^kv `^pbp l c pbur ^i e ^o^ppj bkq^i `l j j fqqba q t ^oa p p^kpdbka bo j ^k, p^kpdbka bo t l j ^k fk vl r o ^ob^p<**




ဖြေဆိုသူများအနက် ၄င်းတို့ပတ်ဝန်းကျင်တွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ် ဆင်သူ အမျိုးသား၊ အမျိုးသမီးများအပေါ် ပတ်ဝန်းကျင်က စိတ်ပိုင်း/ရုပ်ပိုင်းဆိုင်ရာ အကြမ်း ဖက်မှုများ ရှိခဲ့သည်ဟု ဖြေဆိုသူများထဲတွင် ၁၇.၂% က ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသားများ အပေါ်၊ ၆၈.၅% အများဆုံးက ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီးများ အပေါ်နှင့် ကျန် ၁၄.၅% တို့မှာ (၂)မျိုးလုံး အပေါ် ဟု ဖြေဆိုထားရှိခဲ့ပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များရှိခဲ့သည်ဟု ဖြေဆိုသူများထဲတွင် ၂၁.၄% က

ဆန့်ကျင်ဘက်လိင်က သို့ပြောင်းလဲ ဝတ်ဆင်သူများအပေါ်။ ၆၅.၁% က ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများအပေါ် နှင့် ၁၄.၅% က (၂) မျိုးလုံး အပေါ်ဟု ဖြေဆိုထားရှိခဲ့သည်ကို တွေ့ရ သည် ။ ဥပမာပေး ဖြစ်စဉ်များ အနေဖြင့်လည်း စစ်တမ်း ဖြေဆိုသူများ ကိုယ်တိုင်ကြုံ တွေ့ခံစားနေရသော ဖြစ်စဉ်များ ဖြစ်ခဲ့သည်ကို စစ်တမ်း ကောက်ယူလေ့လာ စောင့်ကြည့်ခြင်းဆိုင်ရာ စီမံကိန်း အဖွဲ့သားများက လေ့လာ သိရှိခဲ့ရသည် ။

## (၁)လူမှုပတ်ဝန်းကျင်နှင့်ဓလေ့ထုံးတမ်း

LGBTIQA အများစုမှာ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း နှင့် ရှေးရိုးစွဲဓလေ့ ထုံးတမ်းများက သတ်မှတ်ထားသော ပညတ်ချက်များအကြား မိမိတို့၏ ဖြစ်တည်မှုအပေါ် ငယ်စဉ် ကလေးဘဝ ကတည်းက စတင်ပြီး ခွဲခြားဆက်ဆံမှု အတွေ့အသက်များကို ရှုရှိုက်ကာ ကြီးပြင်းခဲ့ရကြောင်း ဖော်ပြထားသည် ။ LGBTIQA အများစုတို့မှာ ၎င်းတို့၏ လူမှု ပတ်ဝန်းကျင်အကြား ၎င်းတို့အပေါ် မလိုလား၊ မနှစ်မြို့တတ်မှုကြောင့် ၎င်းတို့၏ လိင်သဘာဝ ကို မိသားစုဝင်များ၊ သူငယ်ချင်းများနှင့် လုပ်ဖော်ကိုင်ဖက်များ မသိအောင် ဖုံးကွယ် ထားကြရသည် ။ ၎င်းတို့၏ လိင်သဘာဝကို ပွင့်ပွင့်လင်းလင်း ဖော်ပြသူများ အနေဖြင့်လည်း လူမှုပတ်ဝန်းကျင် အတွင်း လှောင်ပြောင်ခြင်း၊ သရော်ခြင်း၊ စနောက်ခြင်း၊ လူ့ဂုဏ်သိက္ခာ ကျဆင်းအောင် ရှုန့်ရင့်ကြမ်းတမ်းစွာ ဆဲဆိုခြင်း၊ ကဲ့ရဲ့ရှုတ်ချခြင်း၊ စသည့် နည်းပေါင်းစုံဖြင့် နိမ့်ကျသော လူတန်းစား တစ်ရပ်အဖြစ် ခွဲခြားဆက်ဆံခြင်းကို နေ့စဉ်နှင့်အမျှ ခံစားနေကြရသည် ။

LGBTIQA တို့သည် လူ့အသိုင်းအဝိုင်းတွင် ဦးဆောင် ဦးရွက်ပြုသည့် ခေါင်းဆောင် နေရာများတွင် စံပြအဖြစ် ရှိထိုက်သည့် ပြယုဂ်များမဟုတ်ဟု ယူဆကြပြီး အမျိုးသားချင်း ချစ်ခင်စုံမက်သူများဟု အမြင်မှားကြသည့် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စား ဆင်ယင်သူ အမျိုးသမီးများသည် မိတ်ကပ် ပညာရှင်၊ ဖျော်ဖြေရေးနှင့် နတ်ကတော် စသည့် အလုပ်များ ကိုသာ လုပ်ဆောင်သင့်သည်ဟု ထင်မြင်ကြသည် ။ မြန်မာလူမျိုးတို့၏ အယူအဆမှာ ကိုးတောင်ဝတ်မင်းယောကျ်ားသားက မိန်းမသား ထက်ပို မြင့်မြတ်သည်ဟူသော သဘောရှိပြီး ယောကျ်ားချင်း ချစ်ခင်စုံမက်သူများနှင့် ယောကျ်ားဘဝကို စွန့်လွှတ်ကာ မိန်းမသားတစ်ဦး ကဲ့သို့ ပြုမူနေထိုင်သူများသည် ယုတ်ညံ့သော လူတန်းစားဖြစ်ကာ လူ့အသိုင်းအဝိုင်းအတွက် အရေးပါသော ကဏ္ဍများတွင် ပါဝင်လုပ်ဆောင်ရန် မသင့်ဟူသောအမြင်ဖြင့် ခွဲခြားဆက်ဆံခံ နေကြရခြင်းလည်းဖြစ်သည် ။

LGBTIQA များသည် HIV/AIDS ကဲ့သို့သော လိင်မှ တစ်ဆင့် ကူးစက်သည့် ရောဂါပိုး များကို သယ်ဆောင်သူများ အဖြစ်တစ်ယူသန်စွဲ အမြင်များလည်း ရှိကြပြီး ၄င်းတို့သည် ဆင်ခြင်တုံ တရားနည်းသော၊ ဟိရိဩတ္တပ္ပကင်းမဲ့သော၊ တဏှာရာဂ အားကြီးသောသူများ ဖြစ်သည်ဟူ၍လည်း မှားယွင်းသော လူထုအမြင်ပုံစံခွက်ထဲသို့ ရိုက်သွင်းခြင်း ခံထားရသူများ လည်းဖြစ်သည် ။ ခေတ်မီ ဖွံ့ဖြိုးတိုးတက်ပြီး တန်းတူညီမျှသည့် လူ့ဘောင်အဖွဲ့အစည်းတစ်ခု တည်ဆောက်ရာတွင် အချို့သော ဦးဆောင်သူများမှာ ကိုယ်စီကိုယ်င ချို့တဲ့နေသော ပညာရေး စနစ်၊ အလုပ်အကိုင်အခွင့်အလမ်း မရှိတို့ကို လက်ညှိုးထိုးနေကြခြင်းကို ကြည့်လျှင် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများက ဖန်တီးထားသည့် မမျှတမှုတို့ကို LGBTIQA အသိုင်း အဝိုင်းများမည်မျှခါးစည်းခံ ရင်ဆိုင်နေကြရသည်ကို မြင်သာအောင်ဆဝါး ခန့်မှန်းသိနိုင်မည်မှာ အထင်အရှားပင်ဖြစ်သည် ။

သာဓကအားဖြင့် (--)မြို့နယ်ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူ အမျိုးသမီးတစ်ဦး ဖြစ်သူ မနွယ်နီ (အမည်လွှဲ) ၏ ပြောကြားချက်အရ -

"ဘဏ်တစ်ခုပေါ့ ။ ကျွန်မနာမည်တော့ မပြောတော့ပါဘူး ။ ငွေသွားထုတ်ဖို့ သွားတယ် ။ ကျွန်မက ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီး (မိန်းမလျာ) လေ ။ ကောင်တာကို သွားမှတ်ပုံတင်ပေးပြီး ကိုယ့်အလှည့် ကိုယ်စောင့်တဲ့ အထိ ပြဿနာမရှိသေးဘူး ။ဟော-အလှည့်ကျ နာမည်ခေါ်တော့ ယောကျ်ား နာမည်ကြီး၊ ထွက်လာတော့ မိန်းမပုံကြီးနဲ့ ဆိုတော့-မှတ်ပုံတင်ထဲမှာကတော့ ကိုယ်က ယောကျ်ားလေးဖြစ်လို့ ဦးတပ်ခေါ်တာက ပြဿနာမရှိသေးဘူး ။ အဲဒီလို ယောကျ်ား တစ်ယောက် နာမည်နဲ့ ကျွန်မလို ဝတ်စားထားတဲ့ မိန်းမလျာ တစ်ယောက် ထွက်လာတယ် ဆိုတာကို သူတို့လဲမြင်ရော သူကဘာလဲ၊ စိတ်ဆင်းရဲ စရာဆိုတဲ့ အကြည့်တွေရော၊ လှောင်ပြောင်ချင်ကြတဲ့ အကြည့်တွေနဲ့ရော ထိုးနှက်ကြတာ ။ ဘဏ်ဝန်ထမ်း မိန်းကလေးတွေကလည်း ဒါကိုပဲခွက်ထိုးခွက်လန် အော်ရယ်ကြတယ် ။ တကယ်ဆို ကျွန်မလဲ Customer ထဲက Customer ပါပဲ ။ လူကိုလူလို့ မြင်မပေးနိုင်ပဲ အဲဒီလိုတွေခွဲခြား ဆက်ဆံခံနေရတယ်လေ ။ ဘဏ်တွေလည်း နောက်ဆို တိုကင်နံပတ်နဲ့ Customerတွေကို နာမည်ခေါ်ပြီး အလှည့်ကျကောင်တာနံပတ်တွေနဲ့ ငွေထုတ်ယူနိုင်အောင် လုပ်ပေးမယ်ဆိုရင် ကျွန်မတို့လို LGBTcustomer တွေ အတွက် ပိုပြီး အဆင်ပြေ သွားလိမ့်မယ်လို့ ကျွန်မထင်တယ်" ဟူ၍လည်းကောင်း၊

## (-) မြို့ရှိဆန့်ကျင်ဘက်လိင်ကဲ့သို့ဝတ်စားဆင်ယင်သူအမျိုးသမီးမအိကလည်း-

"ကျွန်မက အားလပ်ရက်ဆို မိဘတွေရှိတဲ့နယ်ကို ပြန်တယ် ။ ပြန်တိုင်းလဲ ရထား နဲ့ ပဲပြန်နေကြ ဆိုတော့ ထုံးစံအတိုင်း ကျွန်မရထားလက်မှတ်ဖြတ်ဖို့ ဘူတာထိပ်ကို ခပ်သွက်သွက် လျှောက်လာလိုက်တယ် ။ လက်ထဲမှာက အထုပ်အထည်တွေနဲ့ပေါ့ ။ ပိတ်ရက် ဆိုတော့ ခရီးသည်များတယ်လေ ။ ကျွန်မရောက်တော့ ရှေ့မှာ လူတွေက ၁၄၊ ၁၅ ယောက်လောက် ပြုံနေတာ ။ ဒါပေမယ့် ကျွန်မ နိုင်ငံကြီးသားပီပီပဲ တန်းစီ စောင့်လိုက်ပါတယ် ။ ဟောကျွန်မအလှည့်လဲရောက်ရော လက်မှတ်ဖြတ်တဲ့ ဦးလေးကြီးက ကွမ်းတဝါးဝါးနဲ့ ကျုပ်ကို မျက်မှောင်ကြုတ်ကြုတ်လုပ်ပြီး ကြည့်တယ် ။ ဘာလုပ်မို့လဲ သူမေးတယ် ။ ကျွန်မက (-) ကိုလက်မှတ်တစ်စောင် လိုချင်တယ်ပေါ့ ။ မရဘူးကုန်ပြီတဲ့ ။ ကျွန်မလဲမှိုင်သွားတယ် ။ ဒါနဲ့သူနောက်တစ်ယောက်ကို လက်မှတ် ဖြတ်ဖို့ခေါ်တော့ ကျွန်မနဲ့သွားမယ့်ခရီး အတူတူပဲ လက်မှတ်ကို အသာတကြည် ဖြတ်ပေးလိုက်တာ ကျွန်မတွေ့တော့ ကျွန်မမကျေနပ်လို့ လှမ်းမေးလိုက်တယ် ။

"ကျွန်မပြောတော့ကုန်ပြီ ဆိုဒါဘာအချိုးချိုးတာလဲ" ဆိုမေးတော့ မင်းအခြောက် မို့လို့၊ ကြည့်မရလို့ ရှင်းလား၊ဘာလုပ်ချင်လဲ? ဆိုပြီးတော့ ကျွန်မပစ်ပစ်ခါခါ အပြောခံခဲ့ရဖူးတယ်ရှင့်"

ဟူ၍လည်း သူမတွေ့ကြုံခဲ့ရဖူးသည့် အဖြစ်အပျက်များကို ပြောပြသွားသည် ။

(--)မြို့ရှိဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးကလည်း -

"အဝေးပြေးကားတွေမှာ ခရီးသွားရင် ကျွန်မတို့လို ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူတွေဟာ အရမ်းစိတ်ဒုက္ခ ရောက်ကြရတယ် ။ အကြောင်း ကတော့ အဲဒီလိုကား တွေပေါ်မှာ Transgender တွေကို လှောင်ပြောင်စရာ ဇာတ်ကောင်များအဖြစ် ရိုက်ကူး တင်ဆက်ထားတဲ့ မြန်မာဗွီဒီယိုကား တွေကို အမြဲလိုလို ပြသနေလို့ပါပဲ ။ အဲဒီလိုကားတွေ ပြပြီဆိုရင် ကျွန်မတို့လို Transgender တွေကို ဇာတ်ကားထဲမှာ ဂယက်ထနေသလိုပဲ အပြင်မှာလဲ ဘာလဲဆိုတဲ့ အကြည့်မျိုး တွေနဲ့ ကြည့်ကြတယ် ။ ကျွန်မတော့ဖြင့် ကားပေါ်က ဆင်းပြေး ရတော့မလိုလို ဘာလိုလိုပဲ စိတ်အနှောင့်ယှက်ဖြစ်၊ စိတ်ကျဉ်းကြပ်ရတယ် ။ အခု မြန်မာနိုင်ငံရုပ်ရှင် အစည်းအရုံးကနေပြီး ဒီလိုTransgender တွေနဲ့ ပတ်သက်တဲ့ ဇာတ်ကောင်တွေ ပေးမရိုက်တော့ဘူးဆိုတဲ့ အမိန့်ကြေညာစာထုတ်ပြန်လိုက်ပြီး တဲ့နောက်မှာတော့ တစ်ချို့ကားတွေမှာဆို အဲဒီလို ကျွန်မတို့လို Transgender တွေကို လှောင်ပြောင်တဲ့ ရုပ်ရှင်မျိုးတွေ မပြတော့ဘူး ။ နဲနဲတော့ စိတ်သက်သာရာရတာပေါ့ရှင် ။"


ဟုငှင်း၏အမြင်ကိုပြောကြားခဲ့သည် ။

လူအများရှေ့တွင် LGBTIQA အဖြစ် (အဝတ်အစားဖြင့် ဖြစ်စေ၊ အပြုအမူဖြင့်ဖြစ်စေ) ပွင့်လင်းစွာ နေထိုင်သူများ အနေဖြင့်လည်း နောက်ယှက်ခြင်း၊ အနိုင်ကျင့်ခံရခြင်းကို မကြာခဏခံကြရသည် ။ ဘုရားများ၊ လမ်းများ၊ လက်ဖက်ရည်ဆိုင်များ စသည့် အများပြည်သူများ သွားလာသည့်နေရာများတွင် LGBTIQA များသည် နှုတ်အားဖြင့် စော်ကားခံရခြင်းများ ခံစားခဲ့ရကြောင်း ဝန်ခံဖော်ပြခဲ့ကြသည် ။ များစွာသော LGBTIQAများကလည်း လူမြင်ကွင်းတွင် ပင်ပေါ်ပေါ် ထင်ထင် လိင်ပိုင်းဆိုင်ရာ စော်ကား တိုက်ခိုက် ခံကြရသည် ဟုလည်း တင်ပြကြသည် ။ အချို့သည် လိုင်းကားစီးသည့် အခါနတ်ဖြင့်ဖြစ်စေ၊ ကိုယ်ထိလက်ရောက်ဖြစ်စေ လိင်ပိုင်းဆိုင်ရာ စော်ကားတိုက်ခိုက်ခံရခြင်းများ ရှိပြီး ထိုသို့ဖြစ်စဉ်များမှာ အစဉ်အမြဲ တိုးပွားလျက်ရှိကြောင်း၊ အချို့အနေဖြင့် ရပ်ကွက်ထဲတွင် ရပ်မိရပ်ဖများ၏ ရွဲ့စောင်း ပြောဆိုမှု၊ ခလေးသူငယ်များမှ ခဲနှင့် ပေါက်ခတ်မှုများ အထိရှိပြီး ရပ်ကွက်တွင်း မှုခင်းကိစ္စ တစ်ခုခုဖြစ်ပေါ်က မိမိတို့ကဲ့သို့သော ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီး/အမျိုးသားများကိုသာ ပစ်မှတ်ထား၍ သံသယမျက်လုံးများ၊ ဒုစရိုက်သားကောင်သဖွယ် မျက်လုံးများဖြင့် ရှုမြင် ဆက်ဆံ တတ်ကြကြောင်း လဲပြောကြားသွားခဲ့သည် ။ အချို့ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား အမျိုးသမီးများ အနေဖြင့်လည်း အခြားအစိုးရဌာနများဖြစ်သည့် သွေးလှူဒါန်းသည့်ဌာနနှင့် အမျိုးသား ခုခံအားကျဆင်းရောဂါ နှင့် ကာလသားရောဂါ တိုက်ဖျက်ရေးဌာနတို့တွင် ခွဲခြားဆက်ဆံမှုများ ကြုံတွေ့နေကြရသည်ကို မေးမြန်း သိရှိခဲ့ရသည် ။

အထက်ပါသာဓကများမှာ စစ်တမ်းဖြေဆိုခဲ့သူများအနက်မှ အချို့ကိုသာ ကောက်နှုတ် ဖော်ပြထားခြင်းဖြစ်ပြီး အလားတူအဖြစ်အပျက်မျိုး (၁၃၈)ခုကျော်ကို ဖြေကြားသူများထံမှ ကြားသိခဲ့ရသည် ။

# (၂) မိသားစု

## (က) စစ်တမ်းဖြေဆိုသူများ၏အိမ်ထောင်ရေးအခြေအနေ





ဖြေဆိုသူ လိင်တူချစ်သူ အမျိုးသားများအနက် ၆၉% သည် အိမ်ထောင်မရှိသူ လူပျိုများ၊ ၁၃.၇% သည် အတူနေထိုင်သူများ၊ ၁၂% သည် အိမ်ထောင်ရှိသူများ ဖြစ်ကြပြီး အချို့မှာ အိမ်ထောင်ကွဲ ကွာနေသူများဖြစ်သည်ကို တွေ့ရှိရသည် ။ လိင်တူချစ်သူ အမျိုးသမီးများ အနက် ၅၀% သည် အိမ်ထောင်မရှိသူများ၊ ၃၆% သည် အတူနေထိုင်သူများဖြစ်ပြီး အချို့မှာ အိမ်ထောင်ရှိသူများဖြစ်သည်ကို တွေ့ရသည် ။

ဖြေဆိုသူများ၏ ဖွင့်ဟ ပြောကြားချက်အရ အိမ်ထောင်ရှိသော လိင်တူချစ်သူ အမျိုးသား/အမျိုးသမီးများသည် မိသားစု၊ သို့မဟုတ် ပတ်ဝန်းကျင်၏ ဖိအားပေးမှု ကြောင့် အတင်းအဓမ္မ အိမ်ထောင်ပြုခဲ့ရခြင်းများ ဖြစ်သည်ကို သိရှိရပါသည် ။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ အနက် ၇၉% သည် အိမ်ထောင် မရှိသူများ၊ ၁၆.၇% သည် အတူ နေထိုင်သူများ၊ ကျန်အမျိုးသားများ သည် အိမ်ထောင်ရှိ သူများ ဖြစ်သည် ။ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီးများ အနက် ၆၂.၇% သည် အိမ်ထောင်မရှိသူများ နှင့် ၁၈% သည် အတူနေထိုင်သူများ ဖြစ်ကြသည်ကို တွေ့ရှိရသည် ။

(ခ) မိသားစု နှင့် ပတ်ဝန်းကျင်အတွင်း LGBTIQA လိင်စိတ်ခံယူမှု ကွဲပြားသူများ ရှိနေသည့် စစ်တမ်းဖြေဆိုသူများ စစ်တမ်း ဖြေဆိုခဲ့သူများ အတွင်း LGBTIQA များသည် ၎င်းတို့ မိသားစု၊ သူငယ်ချင်းနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်း တို့တွင် ကြုံတွေ့နေရသော ခွဲခြား ဆက်ဆံခြင်းများ နှင့် စပ်လျဉ်း၍ ဖော်ပြနိုင်ရန် စီမံကိန်းဦးတည်ရာ ဒေသများတွင် ဖြေဆိုသူများ၏ မိသားစုနှင့် ပတ်ဝန်းကျင်တွင် LGBTIQA များ တည် ရှိနေမှုကို အောက်ပါ အတိုင်း မေးမြန်းနိုင်ခဲ့သည် ။




(ဂ) မိသားစု နှင့် ပတ်ဝန်းကျင် အတွင်း LGBTIQA များ ကြုံတွေ့ နေရသော ခွဲခြား ဆက်ဆံခြင်းများ

မြန်မာ့ရိုးရာဓလေ့ထုံးတမ်း၏ သဘာဝသည် ပတ်ဝန်းကျင်ကို အလွန်အလေး ပေးသော သဘာဝများ လိုအပ်သည်ထက် ပိုမိုထုံမွှန်းနေသည့် ပန်းရိုင်းတစ်ပွင့် သဏ္ဍာန်တူသည် ။ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေး အဆုံးအမများသည် လက်ရေး နှင့် ရေးမထားသော တစ်ယူသန် ဥပဒေများ အဖြစ်မြန်မာ့လူ့ဘောင် ပတ်ဝန်းကျင် အတွင်းအမြစ် တွယ်လျက်ရှိပြီး LGBTIQA လိင်စိတ်ခံယူမှု ကွဲပြားသူများ အနေဖြင့်

LGBTIQA လိင်စိတ်ခံယူမှု ကွဲပြားသူများအနေဖြင့် မိမိ၏ ဖြစ်တည်မှုကို မိမိနှင့်အနီးစပ်ဆုံး လူပုဂ္ဂိုလ်များထံ ဖော်ထုတ်ပြသရန် တွင်ပင် အတွင်း/အပြင် ကြီးမားသော စိန်ခေါ်မှုများ ရှိနေပြန်သည် ။ ထိုသို့ မိမိ၏ လိင်ဝိသေသ နှင့် လိင်စိတ်ခံယူမှုကို ပွင့်လင်းစွာ ထုတ်ဖော်ပြသ လိုက်သော LGBTIQA များ အနေဖြင့် လည်း မိမိတို့၏ မိသားစုတွင် "အိမ်တွင်း အကြမ်းဖက်မှုများ" ကို နည်းပေါင်းစုံဖြင့် ကြုံတွေ့ကြရပြန်သည် ။

(--) မြို့ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူ အမျိုးသား၏ အဖြစ်ကို ကြည့်လျှင်လည်း ကို(--)သည် လူလတ်ပိုင်း အရွယ်တစ်ယောက်ဖြစ်ပြီး အခြားသော ယောကျ်ားလေးများ ကဲ့သို့ပင် သွားလာ နေထိုင် လှုပ်ရှားသူဖြစ်ပြီး အပေါင်းအသင်း များ ကလည်း ခင်မင်သူဖြစ်သည် ။ တစ်ရက်တွင် အပေါင်းအပါများ နှင့် အရက်သေစာ သောက်စားကြပြီး မူးယစ်ကြစဉ် ကာမအနိုင်ယူ စော်ကားခံလိုက်ရပြီး ကိုယ်ဝန် ရှိလာသည် ။ မိသားစုနှင့် ပတ်ဝန်းကျင်က ကူညီဖေးမခြင်း မပေးသည့် အပြင် "မိန်းကလေး မိန်းကလေးလိုမှ မနေတာ ။ ခံရတာတောင် နည်းသေး" ဟု စွပ်စွဲချက်များဖြင့် လိင်ပိုင်းသာမကပဲ စိတ်ပိုင်း ရုပ်ပိုင်းပါ အကြမ်းဖက်ခံလိုက်ရသဖြင့် နောက်ဆုံး မိမိကိုယ်ကို အဆုံးစီရင် သွားသည့် အဖြစ်အပျက်မျိုး ရှိကြောင်းလည်း စစ်တမ်းဖြေဆိုသူတစ်ဦးမှ ဆွေးနွေးပြောပြခဲ့သည် ။

နယ်မြို့ကြီး တစ်မြို့ဖြစ်သည့် (--) မြို့နယ်၊ အသက် (၂၅) နှစ်ခန့်အရွယ်ရှိ ဆန့်ကျင်ဘက် လိင်ကဲ့ သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးတစ်ဦးကလည်း-

"ကျွန်မ ငယ်ငယ် ကတည်းက ကိုယ့်ဟာကို နွဲ့နေတာသိတယ် ။ ဒီလိုနဲ့တစ်စတစ်စ ကျွန်မမိန်းကလေး တစ်ယောက်လို စပြီး ဝတ်လာတယ်၊ ခြယ်တယ်၊ သတယ် ။ စပြီးလုပ်လာတာ အိမ်ကသိလာတော့ အရမ်းခါးခါး သီးသီးကို ကျွန်မကို ငြင်းဆန်တယ် ။ တစ်ခါတစ်လေ ကျွန်မကို အကျီတွေ ကိုယ်တုံးလုံးချွတ်ပြီး အိမ်ပြင်က သစ်ပင်နားမှာ ညလုံးပေါက် ကြိုးနဲ့ ချည်ထားတာကို ခံခဲ့ရဖူးတယ် ။ ကျွန်မကလည်း သူတို့ကြောင့် လူဖြစ်လာတဲ့ ကျွန်မမိသားစု ဆိုတော့လည်း သည်းခံနိုင်သလောက် သည်းခံခဲ့တယ်၊ နောက်ဆုံး ကျွန်မ သည်းမခံနိုင်တော့...ကျွန်မအိမ်ပေါ်က ဆင်းသွားတယ်၊ ကြားထဲမှာ ကျွန်မအိမ်နဲ့ အဆက်အသွယ် မလုပ်တော့ပေမယ့် ရပ်ပေါင်းက မိတ်ဆွေတွေနဲ့ အဆက်အစပ် အမြဲရှိတော့ အိမ်မှာ ကျွန်မသာမရှိတာ၊ အိမ်မှာနေသလိုပဲ သူတို့ဘာဖြစ်နေလဲ ကျွန်မ အကုန်သိနေ ကြားနေရတယ်လေ ။ ဒီလိုနဲ့ကျွန်မလုံးဝမိန်းမသားတစ်ယောက်လိုဝတ်စားနေထိုင်တာအသားကျသွားပြီးတဲ့နောက်မှာတစ်နေ့တော့အဖေဆုံးတယ်ဆိုတဲ့သတင်းရောက်လာတယ်။ ကျွန်မရဲ့ဖြစ်တည်မှုကိုလက်မခံတောင်လူဖြစ်လာအောင်တော့မွေးပေးခဲ့တဲ့ကျေးဇူးလေးတွေရှိတာအောက်မေ့ပြီးကျွန်မအဖေရဲ့နောက်ဆုံးခရီးကိုကျွန်မလိုက်ပို့ချင်မိလို့ကျွန်မမာနတွေခဝါချပြီးနယ်ကိုပြန်ဖြစ်ပါတယ်။ ရောက်တော့တစ်မိသားစုလုံးကိုကျွန်မကိုခွေးဝဲစားတစ်ယောက်လို

ဒီလိုနဲ့ ကျွန်မလုံးဝမိန်းမသားတစ်ယောက်လို ဝတ်စားနေထိုင်တာ အသားကျသွားပြီးတဲ့ နောက်မှာ တစ်နေ့တော့ အဖေဆုံးတယ်ဆိုတဲ့ သတင်းရောက်လာတယ် ။ ကျွန်မရဲ့ ဖြစ်တည်မှုကို လက်မခံတောင် လူဖြစ်လာအောင်တော့ မွေးပေးခဲ့တဲ့ ကျေးဇူးလေးတွေ ရှိတာ အောက်မေ့ပြီး ကျွန်မအဖေရဲ့ နောက်ဆုံးခရီးကို ကျွန်မလိုက်ပို့ချင်မိလို့ ကျွန်မမာနတွေ ခဝါချပြီး နယ်ကို ပြန်ဖြစ်ပါတယ် ။ ရောက်တော့ တစ်မိသားစုလုံးကို ကျွန်မကို ခွေးဝဲစား တစ်ယောက်လို မောင်းထုတ်တယ် ။ လူတွေကလည်း ရှုတ်ရှုတ်သဲသဲကြည့်လို့ပေါ့ ။ အဖေ့မျက်နှာလေးမြင်ချင်ရုံပါ၊ ကန်တော့ပါရစေ ဆိုတာတောင် ကျွန်မမှာ... (ငိုရင်း) သူရဲ့ လက်ခံမှုကို မရလိုက်ပေမယ့် လူတစ်ယောက်ဖြစ်အောင် အသက်ပေးခဲ့တဲ့ အဖေ့ကို ကျွန်မကန်တော့ပါတယ်၊ အပြစ်တွေအားလုံးရှိရင် ခွင့်လွှတ်ပါဆိုတာကို ကျွန်မရင်နာစွာနဲ့ အဝေးကနေပဲ သူကြားပါစေလို့ လှမ်းမျှော် ကြည့်ရင်း အသုဘလိုက်ချပေးခဲ့ရဖူးတယ်...”

ဟု ၎င်း၏ ရင်နင့်ဖွယ် အဖြစ်အပျက်ကိုပါ ဝန်ခံပြောကြားသွားခဲ့သည် ။

LGBTIQA များ အတွက် စိတ်ပိုင်းရုပ်ပိုင်းကို များစွာ ထိုးနှက်နေသည့် ပြင်ပခွဲခြားဆက်ဆံမှုများအကြား LGBTIQA တို့အတွက် နွေးထွေးမှု၊ လုံခြုံမှုကို အပြည့်မှီ ဆုံးပေးစွမ်းနိုင်ရမည့် “အိမ်” ဟူသောအရာသည် ၎င်းတို့အတွက် ငရဲခန်းသဖွယ် ဖြစ်နေပြန်ရခြင်းမှာလည်း နိုင်ငံတကာ ဆယ်ကျော်သက်လူငယ်များတွင် အဖြစ်များနေသော စိတ်ကျရောဂါ များစသည့် စိတ်ဝေဒနာ ရောဂါများမှသည် မိမိကိုယ်ကို အဆုံးစီရင်သည့် (Sucide) ဖြစ်စဉ်များ အထိဖြစ်အောင် တွန်းအားပေးနေပြီး အပြစ်မဲ့သော အနာဂါတ်ပန်းကောင်းများစွာကို အညွန့်ချိုးပစ်လိုက်စေသည့် ကြီးမားသော လူ့အရင်းအမြစ် ဆုံးရှုံးမှု ဇစ်မြစ်ကြီးတစ်ခု ဖြစ်နေသည်မှာ မလွဲကေန် ပင်ဖြစ်ပြီး မြန်မာနိုင်ငံ၏ တရားဥပဒေစိုးမိုးခြင်း အခြေမခိုင်မြဲသော ကာလများ ကြား အခြားဒုစရိုက်ပေါင်းများစွာ တို့၏ သတင်းမျက်နှာဖုံးများ အပေါ်မြန်မာနိုင်ငံအတွင်းရှိ အလားတူ LGBTIQA များ၏ အဖြစ်အပျက်များမှာ တိမ်ဖုံးနေလျက်ရှိ နေပေသည် ။


ထိုသို့အဖြစ်များကို ကောင်းမွန်စွာ ဖြေရှင်းကိုယ်တွယ်နိုင်ရန် အတွက် LGBTIQA သားသမီးများ၏ အုပ်ထိန်းသူများ အနေဖြင့် မဖြစ်မနေ သိသင့်သော Sexual Orientation and Gender Identity/ Expression and Sex Characteristics (လိင်စိတ်ခံယူမှု၊

လိင်ဝိသေသ၊ လက္ခဏာ ဖော်ပြမှုများ) ဆိုင်ရာ ဗဟုသုတများကို သိရှိထားရန် အင်မတန်အရေးကြီးလှကြောင်းလည်း ၄င်းအချက်က မီးမောင်းထိုးပြ နေပြန်သည် ။

# (၃) ပညာရေးနယ်ပယ်


## (က) စစ်တမ်းဖြေဆိုသူများ၏ ပညာအရည်အချင်းများ

ဖြေဆိုသူများ၏ ပညာအရည်အချင်းကို အောက်ပါကိန်းညွှန်းများ အတိုင်း ခွဲခြမ်းစိတ်ဖြာ နိုင်ခဲ့ပါသည် ။




ကိန်းညွှန်းများအရ ဆန့်ကျင်ဘက် လိင်စိတ်ဝင်စားသူ အမျိုးသားများအနက် အထက်တန်း ပညာရရှိသူက ၄၀% ဖြင့် အများဆုံး၊ ဆန့်ကျင်ဘက် လိင်စိတ်ဝင်စားသူ အမျိုးသမီးများအနက် အထက်တန်းပညာရရှိသူ ၃၄% နှင့် တက္ကသိုလ်/ဘွဲ့လွန် ၃၃% ဖြင့် အများဆုံး၊ လိင်တူချစ်သူအမျိုးသားများအနက် တက္ကသိုလ်/ဘွဲ့ လွန် ၄၈% ဖြင့် အများဆုံး၊ လိင်တူချစ်သူ အမျိုးသမီးများအနက် တက္ကသိုလ်/ဘွဲ့လွန် ၄၅% ဖြင့်အများဆုံး၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများအနက် အလယ်တန်းပညာ ရရှိသူနှင့် တက္က သိုလ်/ဘွဲ့လွန် ၂၉% အသီးသီးဖြင့် အများဆုံး၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများအနက် အလယ်တန်း ပညာရရှိသူ ၃၉% နှင့် အထက်တန်း ပညာရရှိသူ ၃၈% ဖြင့် အများဆုံး အသီးသီး ရှိကြသည်ကို တွေ့ရှိရသည် ။

## (ခ) သင်ကျောင်းဆက်တက်ချင်ပါသလား




ဖြေဆိုသူများအနက် ၂၃၃ ဦး (၄၁.၇%) မှာ ကျောင်းဆက် မတက်ချင်ပါဟု ဖြေဆိုထားပြီး ယင်းသို့ ဖြေဆိုရခြင်းအတွက် အကြောင်းပြချက်များကို မေးမြန်းရာတွင် အများဆုံး ဖြေဆိုမှု များကို အောက် ပါအတိုင်း ထပ်မံခွဲခြားနိုင်ခဲ့သည် ။


အဘယ်ကြောင့်နည်း ။ (WHY?)

ဖြေဆိုသူများအနက် ကျောင်းဆက် မတက်ချင်ပါ ဟု ဖြေဆိုခဲ့သူများတွင် ၄င်းတို့၏ အကြောင်းပြချက်များကို စစ်တမ်းမေးခွန်းများ အရ ကြိမ်ရေအများဆုံး ဖြေဆိုမှုနှုန်းထား ပေါ်မူတည်ပြီး အောက်ပါအတိုင်း ထပ်မံခွဲခြားနိုင်ခဲ့သည် ။ ဖြေဆိုသူ အများစုတို့ အနက် LGBTIQA ရာနှုန်းထက်ဝက် ကျော်ခန့်တို့သည် ကျောင်းတွင်း ပြင်ပ ခွဲခြား ဆက်ဆံခံနေရခြင်းများကြောင့် ပညာဆက်လက် မသင်ယူချင်ခြင်း ဖြစ်ကြောင်း သိသာ ထင်ရှားစွာ တွေ့မြင်နိုင်သည် ။

| Gender of Respondents | Reason | | |
|---|---|---|---|
| | Elderly Aging<br>အသက်ကြီးလာသဖြင့် | Financial Difficulties<br>ငွေကြေးအခက်အခဲကြောင့် | Discriminations<br>ခွဲခြားဆက်ဆံရခြင်းကြောင့် |
| Straight Male | 12 | 15 | - |
| Straight Female | 8 | 15 | - |
| Gay | 8 | 4 | 34 |
| Lesbian | 2 | 5 | 4 |

| | | | |
|---|---|---|---|
| Transgender Man | - | - | 21 |
| Transgender Woman | - | 3 | 58 |
| Total/Percent | 30(12.9%) | 41(18%) | 117(50.21%) |

မှတ်ချက် ： ကြိမ်ရေ အနည်းငယ်သာ ဖြေဆိုထားသော အကြောင်းအရာများကို ရာခိုင်နှုန်း နည်းပါးသဖြင့် မဖော်ပြတော့ပါ ။




## (ဂ) ပညာရေးနယ်ပယ်တွင် LGBTIQA များကြုံတွေ့နေရသောခွဲခြားဆက်ဆံမှုများ

အတန်းပညာနှင့် ကျောင်းပညာရေးများသည် လူငယ်များ၏ ဘဝကို ပုံဖော်ထုဆစ် သော ပန်းခင်းကြီးတစ်ခုဖြစ်ပါသည် ။ ကျောင်းဟူသော နေရာသည် ပညာသင်ကြား သည့် လူငယ်များအတွက် ဒုတိယအိမ်ဖြစ်ပေရာ ထိုသို့ ပညာရည် နို့သောက်စို့ရာ ကျောင်းတော်ကြီးရှိ အာစရိယ ဆရာဆရာမများ၏ နာ(၃)နာ နည်းစနစ် လမ်းမှန်မှု ကလည်း ကျောင်းသား လူငယ်များ၏ စိတ်ခံစိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် တိုက်ရိုက် အချိုးကျလျက်ရှိပါသည် ။ထိုသို့ ပညာသင်ကြားရာ ဌာနများတွင် ရွေးခြယ်၍ ဖြစ်တည်လာခြင်း မဟုတ်သော လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသော သဘော ရှိသည့် ကျောင်းသားလူငယ်များကို ခွဲခြားဆက်ဆံ နေခြင်းသည်လည်း ၎င်းတို့၏ နနယ်လှသော **စိတ်ခံစိတ်ပိုင်းဆိုင်ရာများကို** ညစ်နွမ်းသော အရောင်များဖြစ်အောင် ဆေးဆိုးပစ်လိုက်ပြီး တက်သစ်စအညွှန့်ကောင်းလေးများကို ရိုက်ချိုးလိုက်သကဲ့သို့ ဖြစ်နေသည် ။ ပုဂ္ဂလိကကျောင်းများတွင် ကျောင်းသား ကျောင်းသူများသည် မူလတန်း နှင့် အလယ်တန်းများတွင် မိမိတို့ ကြိုက်နှစ်သက်သော ကျား/မ ဖော်ပြမှု တူညီဝတ်စုံ Uniform ကို ဝတ်ဆင်ခွင့် ရသည်မျိုးရှိသော်လည်း အစိုးရကျောင်းများ ဖြစ်သည့် မူလတန်းကျောင်း၊ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းများ နှင့် တက္ကသိုလ်များတွင် မူသက်ဆိုင်ရာ သတ်မှတ်ထားသည့် တူညီဝတ်စုံ Uniform များကိုသာ အဆိုပါ ကျောင်းသားကျောင်းသူများ၏မွေးရာပါလိင်နှင့်ကိုက်ညီသောဝတ်စားဆင်ယင်မှုကိုသာလက်ခံသည့်သဘောသဘာဝမျိုးရှိသည်ကိုတွေ့ရသည်။ထိုသို့သတ်မှတ်ထားသောတူညီဝတ်စုံကိုမဝတ်ဆင်နိုင်သည့် လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQA

များကိုသာ အဆိုပါ ကျောင်းသားကျောင်းသူများ၏ မွေးရာပါလိင်နှင့် ကိုက်ညီသော ဝတ်စားဆင်ယင်မှုကိုသာ လက်ခံသည့် သဘောသဘာဝမျိုး ရှိသည်ကို တွေ့ရသည် ။ ထိုသို့သတ်မှတ်ထားသော တူညီဝတ်စုံကို မဝတ်ဆင်နိုင်သည့် လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQA များကို ပညာရေးဌာနများ၏ အချို့ကဏ္ဍများတွင် တင်းတင်းကြပ်ကြပ် သတ်မှတ် ထားခြင်းကလည်း ၎င်းတို့၏ ပညာရေး ဆုံးခန်းတိုင်စေရန် တစ်ထောင့်တစ်နေရာမှ တားဆီးထားသကဲ့သို့ ဖြစ်နေတတ်ပြန်သည် ။

ဝေးဝေးကို မကြည့်ပါနှင့်။ မြန်မာနိုင်ငံပညာရေး၏ စနစ်တွင်ပင် တက္ကသိုလ်ဝင်တန်းအမှတ်များကို ကျား/မဟူ၍ အဆင့်ခွဲခြားထားသည်ကို ကြည့်ခြင်းအားဖြင့် မိမိ၏ ဝါသနာ၊ အထုံ၊ အတတ်ပညာ အသိပညာနှင့် ကိုက်ညီလျက် ထိုပညာရပ်ဖြင့် အသက်မွေး ဝမ်းကျောင်းမပြုနိုင်ပဲ ဘဝတက်လမ်းများ ပျောက်ခဲ့ရသော မျိုးဆက်သစ်လူငယ်များ အများအပြားရှိနေသည်ဆိုလျှင် ခေတ်နောက်ပြန်ဆွဲနေသော ပညာရေးစနစ်နှင့် ဆန်းသစ်သော အတွေးအခေါ်များ၊ မတူညီကွဲပြားမှုများကို ဦးစားမပေးသည့် လူမှု အသိုင်းအဝိုင်းများ ကြားက ပညာရေးတွင် LGBTIQA များ မည်မျှ ရုန်းကန်နေရသည်ကို အထူးပြောရန်လိုမည် မထင်ပါ ။

"LGBTIQA များနှင့် Non-LGBTIQA များအကြား LGBTIQA များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှုဆန်းစစ်ခြင်း" စစ်တမ်းတွင် ပါဝင်ဖြေဆိုသူများ အနက် ပညာရေးနယ်ပယ်တွင် LGBTIQA များကို ခွဲခြားဆက်ဆံခြင်းနှင့် စပ်လျဉ်းသည့် ဖြစ်စဉ်ပေါင်း (၇၀) ကျော်ခန့်အား အစီရင်ခံတင်ပြထားသည်ကို မေးမြန်းချက်များအရ သိရှိရသည် ။

(--) မြို့ရှိ -- တက္ကသိုလ်တွင် ဓါတုဗေဒ နောက်ဆုံးနှစ် တက်ရောက်ထားသော ဆန့်ကျင်ဘက် လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူ အမျိုးသားတစ်ဦးကမူ -

"ကျွန်တော်ကတော့ အခုအပြင် အလုပ်လုပ်နေတယ် ။ ကျောင်းကတော့ နောက်ဆုံးနှစ် ပြီးပြီကို ဘွဲ့မရလိုက်တာ ။ ကျွန်တော်က ယောကျ်ားလေးလိုပဲ နေတာလေ ။ ဘွဲ့ယူဖို့ပြောတော့ မိန်းကလေးလို မဝတ်ရင် စင်ပေါ်မတက်ရဘူး ဆိုလို့ ... နောက်ဆုံး ပြောကြည့်လို့ မရတာနဲ့ ... ဘွဲ့မယူတော့ဘူး ။ အခုတော့အပြင် ပုဂ္ဂလိကကျောင်းတက်တယ်၊ အပြင်ဘွဲ့ရပြီး အလုပ်ကလုပ်နေပြီ၊ မြန်မာကျောင်းက ဘွဲ့ကမရသေးဘူး ။ အဲလိုဖြစ်နေတယ် ။ " ဟု ၎င်း၏ အဖြစ်အပျက်ကို ပြောပြခဲ့သည် ။

(--) မြို့ရှိ ဆန့်ကျင်ဘက်လိုင်ကဲ့သို့ပြောင်းလဲဝတ်ဆင်သူအမျိုးသားသည်လည်း

"ကျွန်တော်ဆိုရင် TU အမှတ်ကိုမှီတယ်။ ဒါပေမယ့်တက်ခွင့်မရခဲ့ဘူး ။ အဓိက ကတော့ ကျောင်းအပ်တဲ့ အချိန်မှာ မိန်းကလေးတစ်ယောက် ဖြစ်တဲ့အတွက် မိန်းကလေးလိုပဲ ဝတ်စားဆင်ယင်မှ ကျောင်းတက်ခွင့်ရမယ်ဆိုပြီး ပြောလာတဲ့အတွက် ကျွန်တော် တခြား မေဂျာကို ပဲပြောင်းယူခဲ့လိုက်ရတာ" ဟူ၍လည်း ၎င်း၏ အဖြစ်အပျက်ကို ပြောပြခဲ့ပြန်သည် ။

အချို့ကလည်း ကျောင်းတွင်ခွင့်မပြုသည့် ကြားက ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်ပြီး အခန်းဖော် အခန်းဖက်များ၊ အခြားကျောင်းသား ကျောင်းသူများ၏ လှောင်ပြောင်ခြင်း၊ ကဲ့ရဲ့ခြင်းကို ခံစားကြရပြီး ဆရာသမားများထံမှ ၎င်းတို့အတွက် မည်သည့် ပံ့ပိုးမှုနှင့်မှ ကာကွယ်ပေးမှု မရကြောင်းလည်း ဆွေးနွေးထားသည်ကို တွေ့ရသည် ။

(--) မြို့ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားဆင်ယင်သူ အမျိုးသမီးဖြစ်သည့် မကြည် ကလည်း -


"တစ်လောက သတင်းစာမှာ တက်လာတယ် ။ ကျောင်းဆရာ/ဆရာမလုပ်ဖို့ ပညာရေး ဝန်ထမ်းခေါ် စာကြေညာထားတာ၊ လူမှုကွန်ယက် စာမျက်နှာတွေမှာ လဲရှဲထားကြတယ် ။ နိုင်ငံတစ်ကာက တွေ့လို့ အလွယ်တကူ နားလည်တဲ့ အင်္ဂလိပ်ဘာသာမျိုးနဲ့ ရေးထားရင် ကျွန်မတို့မြန်မာလူမျိုးတွေ ဘယ်လောက်တောင် သိက္ခာကျလိုက်မဲ့ စာသားလဲဆိုတာ ။ ပညာရေးဝန်ထမ်း ခေါ်ယူတာကို - ယောကျ်ားလေးဆိုရင် မနွဲ့ရမနှောင်းရ၊ အခြောက် မဖြစ်ရလို့ ကို ရေးထားတာ၊ နောက် - မိန်းကလေးဆိုရင် စကတ်မဝတ်ရ၊ သရုပ်ပျက် မိတ်ကပ်မလိမ်းရ၊ ခြေမြင့်ဖိနပ်မစီးရတာတွေရော၊ အမြင်အာရုံ မပြတ်သားသူ၊ မျက်လုံး စွေစောင်းတာတွေ ရောမရ၊ ကိုယ်လက်အင်္ဂါ မပြည့်စုံသူများလဲ မရ ဆိုပြီး အရမ်းကို ပစ်ပစ်ခါခါ ရေးထားတာတွေ့ရတယ် ။"

"သူများနိုင်ငံမှာ လိင်စိတ်ခံယူမှု ကွဲပြားတဲ့သူ၊ အဲ့ထဲမှာကိုမှ ဆန့်ကျင်ဘက်လိင်လို ဝတ်စားဆင်ယင်တဲ့ အမျိုးသမီးတွေ ကိုယ်တိုင်ထောင်ထားတဲ့ ကျောင်းတွေမှ အများကြီး၊ အဲဒီကျောင်းတက်ပြီး သူတို့သားသမီးတွေ LGBTIQA တွေဖြစ်ကုန်ပါတယ် ဆိုပြီးတော့ ကြားလဲ မကြားဖူးဘူး၊ မြင်လဲမမြင်ဖူးဘူး ။ လူတစ်ယောက် ဟာ ယောကျ်ားလေးလို့ ခံယူရင် ယောကျ်ားလေး တစ်ယောက်မှာ ရှိသင့်တဲ့စိတ်ဓါတ်နဲ့ အရည်အချင်း၊ မိန်းကလေးလို့ ခံယူထားရင် မိန်းကလေး တစ်ယောက်မှာ ရှိသင့်တဲ့ အရည်အချင်းတွေနဲ့ ပြည့်နေရင် ဘယ်လိုစံပြနေရာမှာ မဆိုဆရာတစ်ဆူ ဖြစ်ခွင့်ရှိတယ်လို့ ကျွန်မကတော့ မြင်တယ်" - ဟူ၍ လည်း ၎င်း၏ အမြင်ကို သုံးသပ်ပြသွားသည် ။

ထို့အပြင် အမျိုးသားချင်း ချစ်ခင်စုံမက်သူနှင့် အမျိုးသမီးချင်း ချစ်ခင်စုံမက်သူ ကျောင်းသား ကျောင်းသူများကို ဆရာ၊ ဆရာမများသည် အတန်းထဲနှင့် အတန်းရှေ့တွင် မကြာခဏ အရှက်ခွဲခြင်း၊ ဆီလျော်မှုမရှိသော ဝတ်စား ဆင်ယင် ထုံးဖွဲ့မှု ဟူသော ခေါင်းစဉ်ကို အသုံးချပြီး သာမန် ယောကျ်ားလေး/မိန်းကလေးကဲ့သို့ မဝတ်ဆင်သည့် ကျောင်းသား ကျောင်းသူများ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စား ဆင်ယင်သော ကျောင်းသား ကျောင်းသူများကို အပြစ်ပေးခြင်းများ ပြုလုပ်ကြသည် ။ သက်တူရွယ်တူများနှင့် ဆရာ/ဆရာမတို့၏ အနိုင်ကျင့်မှုများကြောင့် LGBTIQA တို့မှာ ကျောင်းမှ စောစီးစွာထွက်ရပြီး ယင်းမှာ ၎င်းတို့ဘဝအတွက် ကြီးမားသည့် နစ်နာမှုကြီးဖြစ်သည် ။ ကိုယ်တိုင်ကြုံတွေ့ရသူများထံမှ ရရှိသော အချက် အလက်များအရ LGBTIQA တို့အပေါ် စိတ်ကြိုက် ကျူးလွန်နေသော အကြမ်းဖက် မတရား အနိုင်အထက် ပြုကျင့်သူများသည် မည်သို့သော အပြစ်ဒဏ်မျိုးကိုမျှ မရရှိကြဟု သိရသည် ။

## (၄) အလုပ်ခွင်

### (၁) စစ်တမ်းဖြေဆိုသူများ၏ အလုပ်အကိုင်များ




စစ်တမ်းဖြေဆိုသူများ အနက် လိင်တူချစ်သူ အမျိုးသားအများစုအနက် 16.8% သည် ကျောင်းသားများ၊ 31.7% သည် နေ့စားအလုပ်သမားများ၊ အခြားနယ်ပယ် အသီးသီးရှိ အလုပ်သမားနှင့် ဝန်ထမ်းများ၊ 12.9% သည် မိတ်ကပ်နှင့် ပန်းအလှပြင် လုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည် ။

လိင်တူချစ်သူ အမျိုးသမီးအများစု၏ 45.4% သည် နေ့စားအလုပ်သမားများ၊ အခြားနယ်ပယ်များတွင် အလုပ်သမားနှင့် ဝန်ထမ်းများ၊ 13.6% အသီးသီးသည် ဆိုင်လုပ်ငန်းပိုင်ရှင်များနှင့် အလုပ်လက်မဲ့များဖြစ်ကြသည် ။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ၏ 25% အသီးသီးသည် ကျောင်းသားများနှင့် အလုပ်လက်မဲ့များ၊ 21% သည် နေ့စား အလုပ်သမားများနှင့် 16.7% သည် အရောင်းအဝယ် အလုပ်သမားများ ဖြစ်ကြသည် ။

ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများ၏ 58% သည် မိတ်ကပ်နှင့် ပန်းအလှပြင်လုပ်ငန်း လုပ်ကိုင်ကြသူများ နှင့် 19% သည် နေ့စား အလုပ်သမားများ ဖြစ်ကြသည်ကို တွေ့ရှိရပါသည် ။

ဖြေဆိုသူများ၏ တစ်လပျမ်းမျှ ဝင်ငွေများကို လေ့လာကြည့်ရာတွင် အောက်ပါ ဇယား အတိုင်း တွေ့ရှိရမည်ဖြစ်သည် ။





ဖြေဆိုသူများအနက် LGBTIQA များနှင့် Non-LGBTIQA များပါ အားလုံးတို့၏ တစ်လပျမ်းမျှ ဝင်ငွေသည် (၁) သိန်းမှ (၃) သိန်းဝန်းကျင် ပမာဏတွင် အများဆုံး ရှိသည်ကို တွေ့ရှိရသည် ။

## (၂) လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQA များနှင့် အလုပ်ခွင်


ဖြေဆိုသူများ၏ အလုပ်အကိုင်များကို ကြည့်ခြင်းအားဖြင့် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများသည် အစိုးရဌာနများတွင် လုပ်ကိုင်သူများ ရာနှုန်းမရှိသလောက်နည်းပါးသည်ကို တွေ့ရှိရမည်ဖြစ်သည် ။ ၄င်းနှင့်စပ်လျဉ်းပြီး စစ်တမ်းဖြေဆိုသူများကို လုပ်ငန်းခွင်တွင် LGBTIQA များ၏ အခွင့်အရေးများကို ပိုမိုကျယ်ပြန့်စွာ လေ့လာနိုင်ရန် စစ်တမ်းမေးခွန်းအပိုင်း (၂) တွင် မေးမြန်းခဲ့သည်ကို အောက်ပါအတိုင်း သိရှိနိုင်ပါသည် ။

လိင်စိတ်ခံယူမှု ကွဲပြားသူနိုင်ငံသားများသည် အစိုးရဌာနများတွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်း လွယ်ကူသည်ဟု သင်ထင်ပါသလား ။




ဖြေဆိုသူများ ကိုယ်တိုင်လည်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများသည် အစိုးရဌာနများတွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်း လွယ်ကူသည်ဟု - (12.6%) က ထင်မြင်ပြီး၊ (72%) က မထင်မြင်ဘဲ (15.4%) သည် မသေချာဟု ဖြေဆိုထားသည်ကို တွေ့ရှိရပါသည် ။

လိင်စိတ်ခံယူမှု ကွဲပြားသူများသည် အလုပ်ခွင်တွင် အခြားသူများ နှင့် တန်းတူဆက်ဆံခြင်း ခံရသည်ဟု သင် ထင်ပါသလား ။



လိင်စိတ်ခံယူမှု၊ ကွဲပြားသူများသည် အလုပ်ခွင်တွင် အခြားသူများနှင့် တန်းတူ ဆက်ဆံခြင်း ခံရသည်ဟု သင်ထင်ပါသလား ဟုမေးမြန်းရာတွင် ဖြေဆိုသူ အများစု (72%) တို့မှာ မထင်မြင်ပါဟု ဖြေဆိုထားပြီး ၎င်းမှာ ဖြေဆိုသူများ အနက်တွင် မိမိတို့ကိုယ်တိုင် ခွဲခြားဆက်ဆံမှုများကိုကြုံ တွေ့ခဲ့ရသူများ ဖြစ်နေ၍ ဖြစ်ကြောင်း စစ်တမ်း ကောက်ယူ လေ့လာ ကြီးကြပ်ခြင်း ဆိုင်ရာစီမံကိန်း အဖွဲ့သားများမှ လေ့လာ သိရှိခဲ့ရသည် ။

(၃) အလုပ်ခွင်အတွင်း LGBTIQA များကြုံတွေ့နေရသော ခွဲခြားဆက်ဆံမှုများ အစိုးရ လုပ်ငန်းခွင် နှင့် ပုဂ္ဂလိကလုပ်ငန်းခွင် များတွင် LGBTIQA များ အများဆုံးကြုံတွေ့ရသည့် ပြဿနာများသည် နိုင်ထက် စီးနင်းပြုလုပ်မှု၊ အာဏာ ပါဝါကို အသုံးချပြီး အနိုင်ကျင့်မှု၊ ကျားမသဘာဝပေါ် အခြေခံပြီး တာဝန်နှင့် လစာမညီ မျှမှု၊ ရာထူးမတိုးပေးမှု၊ အခြား အလုပ်သမားများ နည်းတူတန်းတူ အခွင့်အရေးမရမှု- စသည်တို့ပင် ဖြစ်သည် ။

ဥပမာလုပ်ငန်းခွင်တွင် ဆန့်ကျင်ဘက်လိင်ကဲ့သို့ ဝတ်စားသော အမျိုးသားများ အား စင်စစ်ပု လိင်ဝန်တာများကို လုပ်ဆောင်စေပြီး လခလျော့နည်းသည့် မိန်းမလစာကို သာပေးကြသည်မျိုးရှိသည် ။ ယောကျ်ားလေး လုပ်ဖော်ကိုင်ဖက်များ၏ စနောက်ခြင်း (ဥပမာ ယောကျ်ားလေးများ ကဲ့သို့ အကျီချွတ်ပြီး ဘောလုံးကန်ခိုင်းခြင်း) မျိုးများ လည်းရှိသည် ။

(-) မြို့နယ်ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ဝတ်ဆင်သူ အမျိုးသားဖြစ်သူ (--) က-

"အလုပ်တစ်ခုလျှောက်ရင် CVနဲ့ အင်တာဗျူးက အသက်ပဲ ။ ကျွန်တော်ကလည်း နဂိုကတည်းက ပွင့်လင်းစွာ ယောကျ်ားလေးလိုနေထိုင်တဲ့ Tom-Boy တစ်ယောက် ဖြစ်တယ် ။ Service ကုမ္ပဏီတစ်ခုမှာ အလုပ်လျှောက်တော့ ပဏာမလူရွေးထဲပါပြီး အင်တာဗျူး သွားဖြေတယ် ။ ဖြေတော့လည်း အေးအေး ဆေးဆေးပါပဲ ။ သူတို့ လိုချင်တဲ့ ပညာ အရည်အချင်းရော လုပ်သက်ရော လစာရော အကုန် စကားပြောပြီးသွားပြီ ။ အလုပ်လဲ ခန့်လိုက်ပြီမို့ နောက်အပတ်စဆင်းလို့ရပြီဆိုတော့ ကျွန်တော်ကတော့ ပျော်လို့ပေါ့ ။ တကယ်အလုပ်လဲ စဆင်းရော ပြဿနာကစတာပဲ ။ ကိုယ့်ကို အင်တာဗျူးခဲ့တာလဲ သူပဲကို ကိုယ်တစ်ကယ်အလုပ်ဆင်းတော့မှ မင်းက ယောကျ်ားလေး မဟုတ်တော့ မိန်းကလေး ဝန်ထမ်းတွေ ဝတ်တဲ့ ဝတ်စုံပဲ ဝတ်ရမယ်တဲ့ ။ ကျွန်တော်ကလည်း အဆင်မပြေဘူး ပြောတော့-အဲဒါဆို မင်းနောက်နေ့ကစပြီး အလုပ်ဆင်းစရာ မလိုတော့ဘူးတဲ့ ။ ဒီလိုဝတ်စား ဆင်ယင်မှုတစ်ခုတည်းနဲ့ လူတစ်ယောက်မှာ တကယ်တမ်း အရေးကြီးတဲ့ ကိုယ်ရည် ကိုယ်သွေးနဲ့ စာရိတ္တကို ကျော်ပြီး မကောင်းမြင်ဝါဒပြုလို့ ခွဲခြား ဆက်ဆံတာဟာ လူကြီးမပီသဘူးလို့ပဲ ကျွန်တော်ကတော့ မြင်တယ်" - ဟူ၍ ၎င်း၏ အဖြစ်အပျက်ကို ပြောပြခဲ့သည် ။

(-) မြို့နယ်ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား (တွမ်ဘွိုင်း) ဖြစ်သည့် ကိုကျော်မှလည်း -

"ကျနော်ကCivil နဲ့ ကျောင်းပြီးထားတာပါ ။ ခေတ်ပညာတတ် မိကောင်းဖခင် သားသမီးတစ်ယောက်ပါ ။ ကျွန်တော့်အကျင့်က Siteထဲမှာ လက်အောက်ပန်းရံ အလုပ်သမားလေးတွေ လုပ်နေတာမြင်ရင် ကိုယ်ချည်းပဲ ဟိုဟာလုပ် ဒီဟာလုပ်ဆိုပြီး အော်ခိုင်းမနေဘဲတတ်နိုင်တာတွေပါ လိုက်လုပ်တတ်တဲ့ လူမျိုးဖြစ်တယ် ။ တနေ့တော့ မျက်နှာကျက် အချောကိုင်တာ အလုပ်သမားမလောက်တော့ အဲဒီနေ့ ကျွန်တော် ကိုယ်တိုင်တက်ပြီး လိုချင်တဲ့ပုံစံ ဖြစ်ချင်တဲ့ ပုံစံရအောင် တက်လုပ်လိုက်တယ် ။ ထမင်းစားနားတယ် ။ ပြန်လာတော့ အဲဒီအရှေ့တစ်ပိုင်းလုံးကို ဆောက်နဲ့ ပြန်ထွင်းပြီး ခွာချထားတာတွေ့ရတယ် ။ ဘာလုပ်တာတုန်း ဆိုတော့ ။ စိတ်တော့မရှိနဲ့တဲ့ ။ မိန်းကလေး ဖြစ်နေလို့ အပေါ်တွေ ဘာတွေတက်တာကို လဲမကြိုက်ဘူး ။ အာခီတွေနဲ့လဲ အဆင်မပြေဘူး ။ အိမ်ခိုက်မှာစိုးလို့ ဘာလို့ဆိုပြီး ကျွန်တော့်ကို နားခိုင်းလိုက်တယ် Site manager က ။ ခင်ဗျားပဲ စဉ်းစားကြည့်တော့ဗျာ ။ တစ်ချို့ မြန်မာလူမျိုးတွေရဲ့ အယူအဆတွေ နိုင်ငံတစ်ကာမှာ Skybridge တွေနဲ့ အင်ဂျင်နီယာမကြီးတွေ တိုက်တွေကို မိုးပေါ်ထိ တက်ဆောက်နေတာ ။ အဲဒီမှာနေလို့ အိမ်ခိုက်တယ်ဆိုတာမျိုး ဘာမျိုးမကြားဖူးပါဘူး ။ ကျွန်တော်တို့ မြန်မာလူမျိုး တွေရဲ့ ဓလေ့ထုံးတမ်းမှာ ကျားမသဘာဝနဲ့ ပတ်သတ်လို့ ယုတ္တိမဆန်တဲ့ ပညတ်ချက်တွေ သိပ်များနေတယ် ။ လိုအပ်ရင် ခေတ်မှီတဲ့ဥပဒေနဲ့ ပြန်ပြီး အဲဒီဓလေ့ထုံးတမ်းတွေကို ချနင်းဖို့လိုနေပြီလို့ ကျွန်တော်ကတော့မြင်တယ်" ဟူ၍ ၎င်း၏ ထင်မြင်ချက်ကို ဖွင့်ဟပြောကြားသွားခဲ့သည် ။ အလားတူပင် နေ့စားနှင့် အခြား အလုပ်ကြမ်း လုပ်ငန်း များတွင် အခြေခံ လုပ်တန်းစားများ ဖြစ်သော ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသားများကို ယောကျ်ားလေးတစ်ဦး၏ လုပ်ငန်း တာဝန်များကို တန်းတူစွာခိုင်းစေပြီး လုပ်အားခ ရှင်းတမ်းထုတ်သည့်အခါတွင် မူတန်းတူလစာခံစားခွင့် မပေးခြင်းတို့သည်လည်း လုပ်ငန်းရှင်တို့၏ လူသားချင်းစာနာထောက်ထားမှုနှင့် လူ့ကျင့်ဝတ်ကိုများစွာ အကျည်းတန် နေစေပြန်သည် ။

LGBTIQA များကို အလုပ်ခွင်၌ ခွဲခြားမှုသည် အလုပ်ရှင်များနှင့် လုပ်ဖော်ကိုင်ဖက်များမှ လူ့အခွင့်အရေးနှင့် နိုင်ငံသားတစ်ယောက်၊ အလုပ်သမား တစ်ယောက်၏ အခွင့်အရေး တို့ကို ကိုယ်တိုင်မသိရှိခြင်း (သို့) သိရှိသော်လည်း မလေးစား မလိုက်နာခြင်း စသည့် အကြောင်း အရာများကြောင့်သာ အဓိကဖြစ်ကြောင်း ကောက်နှုတ်ချက်ချနိုင်ပေသည် ။

## (၅) ကျန်းမာရေးနှင့် သက်ကြီးရွယ်အိုစောင့်ရှောက်ရေး

ကျန်းမာရေး ပိုင်းတွင် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ ကြုံတွေ့နေရသော အခက်အခဲများကို ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုကဏ္ဍ နှင့် သက်ကြီးပိုင်း တို့တွင် အဓိကတွေ့မြင်ရပါ သည် ။

မြန်မာလူမျိုးတို့၏ ဓလေ့ထုံးတမ်းတွင် အရှေ့တိုင်းယဉ်ကျေးမှုများနှင့် စာလျှင် လူကြီးမိဘများကို မိသားစုကိုယ်တိုင် ထိန်းသိမ်းစောင့်ရှောက်သည့် ယဉ်ကျေးမှု တစ်ခုအဖြစ် ချစ်စရာတွေ့မည်နိုင်သော်လည်း လက်တွေ့တွင်မူ အခြေအနေကား အနည်းငယ်ကွာခြားမှု ရှိပါသည်။ လွန်ခဲ့သော နှစ်(၃၀)အတွင်း လူငယ်အယောက် (၁၀၀) လျှင် ဘိုးဘွား မိဘပေါင်း အယောက်အရေအတွက်သည် ၂၀.၁ ရာခိုင်နှုန်း ခန့်တက်လာလျှက်ရှိကြောင်းUNFPA ၏ မြန်မာနိုင်ငံ သန်းခေါင်း စာရင်း စစ်တမ်းများက ဖော်ပြသည် ။ သို့သော်လည်း နိုင်ငံတော်အစိုးရမှ ပေးသည့် သက်ကြီးရွယ်အိုများ စောင့်ရှောက်မှုအတွက် ပင်စင်လစာများ ထောက်ပံ့ပေးနေမှု သည် လက်တွေ့လူဦးရေအချိုး၏ ရာခိုင်နှုန်းအနည်းငယ်ကို သာလုံလောက်သည့် သက်ရောက်မှုရှိပြီး သက်ကြီးရွယ်အို (၅) ဦးတွင် (၁) ဦးမှာ အသက်မွေး ဝမ်းကြောင်း အတွက် ကိုယ်တိုင်လှုပ်ရှား ရုန်းကန်နေရဆဲ ဖြစ်ကြောင်း အဆိုပါစစ်တမ်းက ဆိုသည် ။ သတင်း အချက်အလက်များအရ သက်ကြီးရွယ်အို အများစုသည် မိသားစု နှင့် ပတ်ဝန်းကျင် အခြေအနေတို့၏ တွန်းအားပေးမှုကြောင့် အသက်အရွယ်နှင့် မမျှသော ဝမ်းစာရှာဖွေရေး အလုပ်အကိုင်များကို ၎င်းတို့ လုပ်ကိုင်နေရခြင်းဖြစ်ပြီး သက်ကြီး ရွယ်အိုများအတွက် လူမှုရေးဝန်ဆောင်မှုများ၊ ကာကွယ် စောင့်ရှောက်ပေးခြင်း လုပ်ငန်းများ၊ ကျန်းမာရေး စောင့်ရှောက်မှုများ၊ အကျိုးခံစားခွင့်များ စသည်တို့ကို ခိုင်မာစေမည့် မူဝါဒလုပ်ငန်းစဉ်များ ချမှတ်ရန် လိုအပ်နေကြောင်းလည်း စစ်တမ်းက ဖော်ပြသည် ။

LGBTIQA သက်ကြီးရွယ်အိုများသည် ငယ်စဉ် အချိန်အခါတည်းက မိမိတို့ကိုယ်တိုင် ရုန်းကန်လှုပ်ရှားပြီး ဘဝတစ်ခုကို တည်ထောင်ရသည့် အရေအတွက်ကများသည် ။ ၎င်းတို့သည် မိသားစုနှင့် ပတ်ဝန်းကျင် အသိုင်းအဝိုင်းက ခွဲခြားဆက်ဆံခြင်းစသည့် တွန်းအားမျိုးစုံ နှင့် စိတ်နာစရာအချင်း ကိစ္စအမျိုးမျိုး တို့ကြောင့် မိသားစုနှင့်ဖြတ်ပြီး မိမိတို့ကိုယ်တိုင် မိမိတို့၏ ဖြစ်တည်မှု တစ်ခုနှင့် ဘဝအာမခံချက်အတွက်တတ်ကျွမ်းသော အသိပညာ အတတ်ပညာများဖြင့် အသက်မွေးဝမ်းကြောင်းပြုကြသည့် အခြေခံလူတန်းစားများလည်း အမြောက်အများပင် ဖြစ်သည် ။ ထိုသို့အဖြစ်အပျက် အမျိုးမျိုးဖြင့် ငယ်စဉ်ကတည်းက ခွဲခြားဆက်ဆံမှု ပေါင်းစုံတို့ကို ခါးစည်းခံခဲ့ရသည့် LGBT တို့အဖို့ သက်ကြီးပိုင်း ရောက်လာသည့်အခါတွင် ပိုမိုကြုံတွေ့ရမည့် ၎င်းတို့၏ ပုဂ္ဂိုလ်ရေးရာ ဝင်ရောက် စွက်ဖက်မှုများ၊ မိသားစုတွင်းနှင့် ပြင်ပခွဲခြား ဆက်ဆံခြင်းများကိုမူ အထူးရှင်းတမ်း ထုတ်ရန်လိုမည် မထင်ပါ ။

စစ်တမ်းဖြေဆိုသူများအနေဖြင့် ၄င်းတို့ကြားသိဖူးခဲ့သော (သို့) ကြုံတွေ့ဖူးခဲ့သော ပတ်ဝန်း ကျင်အတွင်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအပေါ် ခွဲခြားဆက်ဆံခြင်း နှင့် အကြမ်းဖက်မှုများကို ဥပမာပေး ဖော်ပြချက်များတွင် ၄င်းတို့ ပတ်ဝန်းကျင်အတွင်း ကြုံတွေ့ရဖူးသော LGBTIQA သက်ကြီးရွယ်အိုများတွင် အကြမ်းဖက်မှု ဖြစ်စဥ်များကိုလည်း ဖော်ပြသွားခဲ့ကြသည် ။

ဥပမာ - (--)မြို့ရှိ အသက်(၆၃)နှစ် ရှိပြီဖြစ်သော ဦးချိုသည် လိင်တူ ချစ်သူ အမျိုးသားတစ်ဦးဖြစ်ပြီး ၄င်းသည် လူလတ်ပိုင်းအရွယ်ကတည်းက ချစ်ကျွမ်းဝင်သော အမျိုးသားတစ်ဦးနှင့် တစ်အိုးတစ်အိမ် တည်ထောင်ခဲ့သူဖြစ်သည် ။ ၄င်းတို့သည် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတစ်ခုကို လုပ်ကိုင်ကြကာ ဝင်ငွေကောင်းမွန်သည့် ကာလ တစ်လျှောက်လုံး သာမန်ယောကျ်ား မိန်းကလေး မင်္ဂလာဆောင်နှံများ အိမ်ထောင်ရေး တစ်ခု ဆောက်တည်သကဲ့သို့ပင် အတူလက်တွဲခဲ့ကြသည် ။ ထို့နောက် လူအများ အထင်မြင်မလွဲမှားစေရန်လည်း ဦးချိုသည် ၄င်း၏တူမဖြစ်သူ နှင့် ၄င်း၏ လိင်တူချစ်သူ အမျိုးသားအား ထိမ်းမြားလက်ထပ်ပေးခဲ့ပြီး ထိုစဉ်ကအိမ်၊ ခြံအမွေစသည်တို့ကို ၄င်းတို့အမည်ပေါက်ဖြင့် စာချုပ်စာတမ်းများ ပြုလုပ်ထားပေးခဲ့သည် ။ ထို့နောက် နှစ်များကြာသော် ဦးချို၏ ကျန်းမာရေး အခြေအနေဖြင့် လုပ်ငန်းကို ကောင်းမွန်စွာ မကြီးကြပ်နိုင်ပဲ စီးပွားကျလာသည့်နောက်တွင်မူ ၄င်း၏ လိင်တူချစ်သူအမျိုးသားနှင့် တကွ တူမတို့သည် ၄င်းကို အိမ်တွင် လုံလောက်သော စောင့်ရှောက်မှု မပေးသည့် အပြင်၊ နှုတ်ဝစီနှင့် သော်လည်းကောင်း၊ ကိုယ်ကာယဖြင့် သော်လည်းကောင်း အကြမ်းဖက်ခြင်းများ အစဉ်တဆက် ပြုလုပ်ပြီး အိမ်တွင် မနေနိုင်အောင် ဦးချိုအား ညှဉ်းပန်းနှိပ်စက်ကာ ထားရှိကြောင်းလည်း စစ်တမ်းဖြေဆိုသူများ ပြောကြားချက် အရသိရသည် ။

အလားတူကိစ္စမျိုးကိုမူ နယ်သာလန် မှစ၍ အမေရိကန်နိုင်ငံစသည့် ကမ္ဘာ့နိုင်ငံကြီး (၂၇)နိုင်ငံတို့တွင် လိင်တူချင်းထိမ်းမြားလက်ထပ်ခြင်း တန်းတူညီမျှခွင့် ဥပဒေခေါ် Same-sex Marriage Equality Laws များဖြင့် စနစ်တကျ ပြဌာန်းထားပြီးဖြစ်သဖြင့် လိင်တူချစ်သူများ ကလေးသူငယ်မွေးစားခွင့်၊ အမွေစား အမွေခံခွင့်၊ အခွန်စသည့် ကိစ္စရပ်များအတွက် အထူးတလည်ဖြေရှင်းရန် မလိုအပ်ပဲ ရှိနေပြီးဖြစ်သည် ။ အာရှတွင်မူ ထိုင်ဝမ်သည် ယခုနှစ် အလည်ပိုင်းတွင်မှ လိင်တူချင်း ထိမ်းမြားလက်ထပ်သည့် ဥပဒေကို အတည်ပြု ပြဌာန်းနိုင်ခဲ့သည့် ပထမဆုံး အာရှနိုင်ငံ ဖြစ်လာခဲ့ပြီ ဖြစ်သည်။ သို့သော်လည်း ဒီမိုကရေစီနိုင်ငံရေး အသွင်ကူးပြောင်းစဲ နိုင်ငံဖြစ်သည့် ကျွန်ုပ်တို့မြန်မာနိုင်ငံအတွင်းရှိ LGBTများ အတွက်မူ ထိုသို့ LGBT များ၏ အခွင့်အရေးအတွက် ဥပဒေတစ်ခုကို ဖော်ဆောင်ရန်မှာ အခက်အခဲနှင့် စိန်ခေါ်မှုများစွာ ရှိနေဆဲဖြစ်ပြီး သက်ဆိုင်ရာအရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထုတို့၏ ပူးပေါင်းပါဝင်မှုတို့ကလည်း အလွန်ပင် အရေးကြီးလျက်ရှိပါသည် ။

ကျန်းမာရေး စောင့်ရှောက်မှု အပိုင်းတွင်မူ LGBTIQA များ - အထူးသဖြင့် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား/အမျိုးသမီးများ အနေဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဝေဒနာ ခံစားနေရလျှင် ဆေးဝါးကုသမှုပိုင်း နှင့် ဝန်ဆောင်မှုပေးရမည့် အစိုးရဌာနများရှိ စီမံချက်နှင့် လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ရှိ သည့် ဝန်ထမ်းများမှ ထိမ်ချန်ထားရမည့် ပုဂ္ဂိုလ်ရေးရာ သတင်းအချက်အလက်များကို လျှို့ဝှက်မထားပေးနိုင်ခြင်း၊ လူနာရှင်များ၏ သတင်းအချက်အလက်များ ပေါက်ကြား ခြင်းများ ရှိနေကြောင်း၊ ဌာနပိုင်းဆိုင်ရာ ဖွဲ့စည်းပုံများအနေဖြင့်လည်း အဆွေးနွေး အတိုင်ပင်ခံမည့် ပြည်သူများအနေဖြင့် ဝင်ထွက်သွားလာရာတွင် ပုဂ္ဂိုလ်ရေးရာ လုံခြုံမှု၊ သိုသိပ်မှုမရှိကြောင်း စစ်တမ်းဖြေဆိုသူများမှ ပြောကြားချက်များအရ သိရသည် ။

## (၆) ဥပဒေ

### (က) ဥပဒေရေးရာအရ စစ်တမ်းဖြေဆိုသူများ၏ သိရှိနားလည်မှု

### (၁) LGBTIQA များကိုခြိမ်းခြောက်နေသော ဥပဒေများ

ဖွဲ့စည်းပုံ အခြေခံဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏ လူနေမှုအဆင့်အတန်းကို နက်နဲစွာ ဖော်ပြနေသော ကိန်းညွှန်းတစ်ခုဖြစ်ပါသည် ။ တန်းတူညီမျှမှုကို တန်ဖိုးထားသော ဒီမိုကရေစီနိုင်ငံတော်ကြီးတစ်ခု ဖော်ဆောင်ရာတွင် မြန်မာနိုင်ငံတွင် ဆက်လက် ကျန်ရှိ နေသေးသော ကိုလိုနီခေတ် လက်ကျန် ဥပဒေဟောင်းများ ဆက်လက် အသက်ဝင်နေခြင်းမှာလည်း နိုင်ငံရေး အသွင်ကူးပြောင်းခြင်းကို နှောင့်နှေး နေစေသည့် ဆူးညှောင့်ခလုတ်တစ်ခုအဖြစ် အဟန့်အတားဖြစ်လျက်ရှိပါသည် ။

အချို့ ဥပဒေများသည် LGBTIQA များကို နှောင့်ယှက်ရန်၊ ဖိနှိပ်ရန်နှင့် အပြစ်ပေးရန် အတွက် တစိုက်မတ်မတ် အသုံးပြုလာသည့် ဥပဒေများဖြစ်သည် ။ ၎င်းတို့မှာ ရာဇသတ်ကြီးပုဒ်မ (၃၇၇) နှင့် ရဲအရေးပိုင်သည့် "မှောင်ခိုမှုနှင့်ရုပ်ဖျက်မှု" ဟုခေါ်သော ဥပဒေများပင် ဖြစ်သည် ။ ထို့အပြင် ရာဇသတ်ကြီးပုဒ်မ ၃၁၂(က) နှင့် ၃၁၂(ခ) တို့သည်လည်း ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား အမျိုးသမီးတို့ အတွက် ခြိမ်းခြောက် လျက်ရှိသော ဥပဒေများဖြစ်ပြီး ၆၆(ဃ) ခေါ် အီလက်ထရောနစ်ဥပဒေဖြင့် လည်းဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးအလှမယ်တစ်ဦးကို ယခုနှစ်စောပိုင်းတွင် အာဏာပိုင်များမှ မတရား ဖမ်းဆီး စစ်ဆေးသည့် အမှုကိုလည်း အားလုံး ကြားဖူးကြလိမ့်မည်ဖြစ်ပါသည် ။

LGBTIQA များ၏ လိင်စိတ်ခံယူချက်နှင့် လိင်စိတ် တိမ်းညွတ်မှုများသည် ၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်ခွင့်ကြောင့် ဖြစ်တည်လာရခြင်းမဟုတ်ပဲ ယနေ့ထက် တိုင်အောင် သိပ္ပံပိဋ္ဋက နည်းပညာနိသယများဖြင့် အဖြေကို ရှာမတွေ့နိုင်သည့် ရှုပ်ထွေး နက်နဲလှသော ဇီဝကမ္မဖြစ်စဉ်ဖြစ်ပြီး မွေးရာပါကြောင့် ဟု ဆေးပညာ သဘောအရ တိတိကျကျ လက်ခံထားရှိပြီးသား ဖြစ်သည်။ လူသားဖြစ်ခြင်း တူညီ သော်လည်း တန်းတူ လူ့အခွင့်အရေးကို ခံစားရခြင်းမရှိပဲ ၎င်းတို့အပေါ် ပစ်မှတ်ထား ပြဋ္ဌာန်းထားသော ရာဇသတ်ကြီးဥပဒေများသည် LGBTIQA တို့၏ သဘာဝဖြစ်စဉ် တစ်ရပ်ကို တားဆီးရန်အား ထုတ်ခြင်းပင်ဖြစ်သည် ။ ယင်းအချက်သည် ပင်လျှင် LGBTIQA များ ရင်ဆိုင်ဖြေရှင်းရမည့် ဥပဒေနယ်ပယ်အတွင်းမှ အတားအဆီး တစ်ရပ်ပင်ဖြစ်သည် ။ အချို့သောနိုင်ငံများတွင် LGBTIQA များ၏ လိင်မှု ဘဝကို သေဒဏ်ပင် အပြစ်ပေးနိုင်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသကဲ့သို့ လက်ရှိ မြန်မာနိုင်ငံတွင်လည်း LGBTIQA များ၏ လိင်မှုဘဝအား ရာဇဝတ်မှုအဖြစ် တစ်နည်းတစ်ဖုံ သတ်မှတ်ထား သည်ကို တွေ့နိုင်သည် ။ မြန်မာနိုင်ငံရှိ ရာဇသတ်ကြီး ပုဒ်မများတွင် စံသွေသော လိင်ဆန္ဒသဘာဝနှင့် ကျားမကွဲပြားမှုကို လုံးလုံးလျားလျား ဆန့်ကျင်သည့် သဘောကို အများဆုံးတွေ့ရသည် ။ ရာဇသတ်ကြီးပုဒ်မ ဥပဒေ အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် "ယောက်ျားဆိုသည်မှာ အသက်အရွယ်ကြီးသည် ဖြစ်စေ၊ ငယ်သည်ဖြစ်စေ လူယောက်ျားကို ဆိုလိုသည်"၊ "မိန်းမဆိုသည်မှာ အသက် အရွယ်ကြီးသည် ဖြစ်စေငယ်သည် **ဖြစ်စေ လူမိန်းမကို ဆိုလိုသည်" ဟုသာ ဖော်ပြထားပြီး ကျားမ လိင်ဝိသေသ ကွဲပြားသူကိုပင် မဆိုထားနှင့်၊ ဘာသာ၊ လူမျိုး၊ အသားအရောင် စသဖြင့် ပါဝင်ဖြစ်တည်မှုတို့ကို ပါစုံလင်အောင် ဖော်ပြထားနိုင်ခြင်းမရှိသည်ကို တွေ့ရပြန်သည် ။**

ရာဇသတ်ကြီးပုဒ်မ (၃၇၇) သည် ဓမ္မတာနှင့် ဆန့်ကျင်သော ပြစ်မှုများ နှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထား ခြင်းဖြစ်ပြီး- "ယောက်ျားနှင့်ဖြစ်စေ၊ မိန်းမနှင့်ဖြစ်စေ၊ တိရိစ္ဆာန်နှင့် ဖြစ်စေ မည်သူမဆို မိမိအလို အလျောက်ဓမ္မတာ နှင့် ဆန့်ကျင်သော ကာမစပ်ယှက်မှုကိုပြုလျှင် ထိုသူကို ထောင်ဒဏ်တစ်သက် တစ်ကျွန်းဖြစ်စေ၊ ဆယ်နှစ် အထိ ထောင်ဒဏ်တစ်မျိုးမျိုး ဖြစ်စေချမှတ်ရမည့် အပြင်ငွေဒဏ် လည်း ချမှတ်နိုင်သည်" ဟု ဖော်ပြထားပါသည် ။ အဆိုပါပုဒ်မ၏ ရှင်းလင်းချက်တွင်လည်း "အင်္ဂါ ဇာတ်တစ်ခုအတွင်းသို့ဝင်မိလျှင် ဤပုဒ်မတွင် ဖော်ပြထားသော ပြစ်မှုကျူးလွန် ခြင်း အတွက်လိုအပ်သောဓမ္မတာနှင့် ဆန့်ကျင်သည့် ကာမစပ်ယှက်မှု မြောက်ရန်လုံလောက်သည်" ဟု ထပ်ဆင့် ဖော်ပြထားသည်ကို တွေ့ရသည် ။

မှောင်ရိပ်ခိုမှုဟု အများသိ ခေါ်ဝေါ်လေ့ရှိသော အမှု အမျိုးအစားသည် ဥပဒေ စကားအရပ် အရဆိုပါမူ ရဲအက်ဥပဒေပုဒ်မ ၃၅(ဂ) နှင့် (ဃ) အရသော်လည်းကောင်း၊ ရန်ကုန်ရဲအက်ဥပဒေ ပုဒ်မ ၃၀(ဃ) အရသော်လည်းကောင်း ဖမ်းဆီး အရေးယူသော အမှုဖြစ်ပြီး ၎င်း၏ အဓိပ္ပာယ်ဖွင့်ဆိုရှင်း လင်းချက်တွင်-

"(က)ဘေးအန္တရာယ်ပြုနိုင်သော၊ သို့မဟုတ် ရန်မူနိုင်သော ကိရိယာတစ်ခုခုကို စွဲကိုင် လျက် တွေ့သည့်အခါ၊ ထိုသို့စွဲကိုင်ခြင်း အကြောင်းကို ပြေလည်အောင်မပြောနိုင်သူ၊

(ခ) နေဝင်နေထွက်ချိန် အကြား ဈေး၊ လမ်းဘေး၊ လမ်းဝင်း၊ မြို့ သို့မဟုတ် အခြား နေရာတစ်ခုခု တွင် ဖင့်နွဲ့၊ သို့မဟုတ် ရပ်နေသူကို တွေ့သည့်အခါ သူက မိမိ၏ အကြောင်းကို ပြေလည်အောင် မပြောနိုင်သော သူခိုးဟု ကျော်စောသူ

(ဂ) နေဝင်နှင့် နေထွက်ချိန်အကြား မိမိ၏ မျက်နှာကို ဖုံးအုပ်လျက်ဖြစ်စေ၊ အခြား နည်းဖြင့် ရုပ်ဖျက် လျက်ဖြစ်စေ တွေ့သည့်အခါသူက မိမိအကြောင်းကို ပြေလည် အောင် မပြောနိုင်သူ

(ဃ) လူနေအိမ် (သို့) အခြားအဆောက်အအုံတစ်ခုခု၏ ဥပစာအတွင်း၌ ဖြစ်စေ၊ နောက်ဖေးလမ်းကြား ရေမြောင်းတစ်ခုခုတွင်ဖြစ်စေ၊ ရေယာဉ်တစ်ခုခုပေါ်တွင် ဖြစ်စေ တွေ့သည့်အခါ ထိုနေရာ တွင် မိမိရောက်ရှိနေခြင်း အကြောင်းကို ပြေလည် အောင်မပြောနိုင်သူ

(င) အိမ်ဖောက်ထွင်းသည့် ကိရိယာတစ်ခုခုကို ဥပဒေ နှင့် အညီ အကြောင်းမရှိဘဲ လက်ရှိထားသူ


-၎င်းတို့ကို ဝရမ်းမပါဘဲ မည်သည့်ရဲတပ်ဖွဲ့ဝင်ကမဆို ဖမ်းဆီးနိုင်သည့်အပြင် ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် (၃)လ အထိ ထောင်ဒဏ်ချ မှတ်ခံရမည်" - ဟု ပြဋ္ဌာန်း ထားပါသည် ။

မှတ်ချက် : ဤပုဒ်မဖြင့် ရဲအရာပိုင်တို့က LGBTIQA များကို ခြိမ်းခြောက်ပြီး ငွေညှစ် တတ်ကြသည် ။ အဖမ်းခံရသူများထံမှ လာဘ်ငွေ/အခွင့်အရေးကို မျှော်ကိုး၍ ဖမ်းဆီးခြင်းမှာ ရဲအရေးပိုင်ပြီး ၃၇၇ ထက်ပြစ်ဒဏ် နည်းသော "မှောင်ရိပ်ခိုမှု နှင့် အယောင်ဆောင်မှု" ဥပဒေကို အသုံးပြုဖမ်းဆီးပြီး ငွေညှစ်ခြင်းမှာ အဖြစ်များ လေ့ရှိသည် ။

ဆယ်စုနှစ်များစွာ ကြာမြင့်ခဲ့သည့် စစ်အုပ်ချုပ်ရေးကြောင့် သာမန်ပြည်သူ အများစုမှာ မိမိတို့အခွင့်အရေးကို ချိုးဖောက်ခံနေရမှန်း မသိခံနေကြရပြီး မိမိတို့ကို ကာကွယ်ပေးသည့် တရားရေးစနစ်ဆိုသည့် ဓလေ့တစ်ရပ်ရှိကြောင်း ကိုလည်းရှိမှန်း

မသိဖြစ်နေကြရသည် ။ ရလာဒ်အားဖြင့် နိုင်ငံသားများသည် ၄င်းတို့၏ နေ့စဉ်ဘဝကို အကျိုးရှိစေမည့်၊ ကာကွယ်ပေးမည့် တရားဥပဒေများ အပါအဝင်ဆီလျော်မှုမရှိပဲ ၄င်းတို့အား ခြိမ်းခြောက်နေသည့် ဥပဒေများ နှင့် ပါအလုပ်မ်းကွာဝေးကာ ဥပဒေ ပိုင်းဆိုင်ရာ ဗဟုသုတ ခေါင်းပါး လာကြရသည် ။ နောက်ဆက်တွဲအရ လူထုအတွင်း အငြင်းပွားဖွယ် ကိစ္စများ ပေါ်ပေါက်လာပါက ဒေသန္တရအာဏာပိုင်များ (သို့) တရားစီရင်ရေးရုံးများ နှင့် ဆက်ဆံရာတွင် ဥပဒေဆိုင်ရာ ဗဟုသုတမရှိမှုနှင့် နီးစပ်ရာ အကူအညီမရှိခြင်း၊ ကျွမ်းကျင်ပုဂ္ဂိုလ်မရှိခြင်း တို့ကြောင့်လည်း များစွာသော နိုင်ငံသားများ နည်းတူ LGBTIQA အများစုတို့မှာ ၄င်းတို့၏ ဥပဒေရေးရာ ကိစ္စရပ်များအတွက် မျှတသည့် စီရင်ဆုံးဖြတ်ချက်ကို ရရှိရန် အစဉ်အခက်အခဲ ဖြစ်နေရပါသည် ။

(၂) LGBTIQA များကို ခြိမ်းခြောက်နေသော ဥပဒေများဆိုင်ရာ သိရှိနားလည်မှု၊ ရာဇသတ်ကြီးပုဒ်မ (၃၇၇) ကိုသင်သိရှိပါသလား ။ Do you know the Penal Code (377)?





ရာဇသတ်ကြီးပုဒ်မ (၃၇၇)သည် LGBTIQA များနှင့် အများဆုံး ဆက်စပ်နေသော ဥပဒေတစ်ရပ်ဖြစ်သော်လည်း စစ်တမ်းဖြေဆိုသူများအနက် LGBTIQA အများစုမှာ ၄င်းနှင့် ပတ်သက်သည့် ဥပဒေရေးရာ အသိအမြင်မရှိသည်ကို တွေ့ရှိရသည် ။ လိင်တူချစ်သူ အမျိုးသားများအနက် 45%၊ လိင်တူချစ်သူ အမျိုးသမီးများအနက် 50%၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ အနက် 62.5%၊ ဆန့်ကျင်ဘက်လိင် ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများအနက် 50% တို့သည် ရာဇသတ်ကြီးပုဒ်မ (၃၇၇) နှင့် စပ်လျဉ်းပြီး ဥပဒေရေးရာ ဗဟုသုတ အကျွမ်းတဝင် မရှိသည်ကို လေ့လာ တွေ့ရှိနိုင်သည် ။

ထို့အပြင် ရဲအက်ဥပဒေ ၃၀(ဃ) နှင့် ၃၅(ဃ) တို့သည် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သည့် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ အပေါ် ဦးတည်၍ တရားဥပဒေစိုးမိုးရေးဆိုင်ရာ အရာရှိများမှ ပစ်မှတ်ထားသော ဥပဒေပုဒ်မများ ဖြစ်ပြီး LGBTIQA များအနေဖြင့် ၄င်းဥပဒေနှင့် ပတ်သက်ပြီး သိရှိနားလည်မှု၊ ရှိမရှိကို မေးမြန်းသည့် အပိုင်းတွင် အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာနိုင်ခဲ့သည် ။

ရဲအက် ဥပဒေ ၃၅ (ဃ) ကို သင်သိရှိပါသလား ။


Do you know the Police Act 35(D)?




လိင်တူချစ်သူ အမျိုးသားများအနက် အများစု 71.1%သည် ၃၅ (ဃ) ကို သိရှိကြပြီး 28.9% သည် မသိရှိကြောင်း၊ လိင်တူချစ်သူ အမျိုးသမီးများအနက် 68.2% သည် သိရှိပြီး ကျန် 31.8%သည် မသိရှိ ကြောင်း၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ၏ 56.5% သည်သိရှိပြီးကျန် 43.5% သည် မသိရှိကြောင်း၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများအနက် 60.9% သည် သိရှိပြီး ကျန် 39% မှာ မသိရှိကြောင်း အသီးသီးလေ့လာသိရှိခဲ့ရသည် ။

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို သင်သိရှိပါသလား ။

Do you know the Universal Declration of Human Rights(UDHR)?





Universal Declaration of Human Rights"(UDHR) ခေါ် အပြည်ပြည်ဆိုင်ရာ လူ့အခွင့် အရေးပါ ကြေညာစာတမ်း သည် အပိုဒ် (၃၀) ပါဝင်သော ကြေညာစာတမ်း တစ်ခုဖြစ်ပြီး LGBTIQA များသည် လူမှုအသိုင်းအဝိုင်း အတွင်း လူသားချင်း တန်းတူညီမျှ အခွင့်အရေးများရရှိပြီး လူ့ဂုဏ်သိက္ခာနှင့် အညီ ရှင်သန်နေထိုင်နိုင်ရန် ကာကွယ်ပြဌာန်းပေးထားသော အချက်အလက်များ ပါဝင်ပါသည် ။

( UDHR ပါ အပိုဒ် (၃၀) ကို စစ်တမ်းမေးခွန်း စံနမူနာ အပိုင်း (၂) ၏ နောက်ဆက်တွဲ - က တွင် တွေ့နိုင်ပါသည် ။ )

ဖြေဆိုသူများအနက် လိင်တူချစ်သူများ၏ 51% သည် UDHR ကို သိရှိပြီး ကျန် 49% သည် မသိရှိဟု၍လည်းကောင်း၊ လိင်တူချစ်သူ အမျိုးသမီးများ၏ 31.8% သည် သိရှိပြီး ကျန် 68.2% သည် မသိရှိဟု၍ လည်းကောင်း၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ အနက် 12.5% သည်သိရှိပြီး ကျန် 87.5% သည် မသိရှိဟု၍ လည်းကောင်း၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများ အနက် 34.9% သည် သိရှိပြီး ကျန် 65.1% သည် မသိရှိဟု၍ လည်းကောင်း အသီးသီး ဖြေဆိုထားသည်ကို တွေ့ရှိရမည်ဖြစ်သည် ။

ဂျော်ဂျာကာတာစံချိန်စံညွှန်းများကို သင်သိရှိပါသလား။

Do you know the Yogyakarta Principles?





"Yogyakarta Principles" ခေါ် ဂျော်ဂျာကာတာ လူ့အခွင့်အရေး စံချိန်စံညွှန်းများသည် အပိုဒ် (၂၉) ပိုဒ်ပါဝင်သော စာတမ်းတစ်ခုဖြစ်ပြီး ၄င်းတွင်လည်း LGBTIQA များသည် လူမှုအသိုင်းအဝိုင်း အတွင်း လူသားချင်း တန်းတူညီမျှ အခွင့်အရေးများရရှိပြီး လူ့ဂုဏ် သိက္ခာနှင့် အညီရှင်သန် နေထိုင်နိုင်ရန် ကာကွယ် ပြဌာန်းပေးထားသော အချက်အလက်များ ပါဝင်ပါသည် ။


(ဂျော်ဂျာကာတာ စံချိန်စံညွှန်းပါ အပိုဒ် (၂၉) ပိုဒ် ကို စစ်တမ်းမေးခွန်း စံနမူနာ အပိုင်း (၂) ၏ နောက်ဆက်တွဲ-ခ တွင် တွေ့နိုင်ပါသည် ။ )

ဖြေဆိုသူများအနက် လိင်တူချစ်သူ အမျိုးသားများ၏ 31.6% သည် ဂျော်ဂျာကာတာ စံချိန်စံညွှန်းများကို သိရှိပြီး ကျန် 68.4% သည် မသိရှိဟူ၍ လည်းကောင်း၊ လိင်တူချစ်သူအမျိုးသမီးများ၏ 18.2% သည် သိရှိပြီး ကျန် 81.8% သည် မသိရှိဟူ၍ လည်းကောင်း၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသားများ၏ 12.5% သည် သိရှိပြီးကျန် 87.5% သည် မသိရှိဟူ၍ လည်းကောင်း၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများ အနက် 16.9% သည် သိရှိပြီး ကျန် 83.1% သည် မသိရှိဟူ၍ လည်းကောင်း အသီးသီး ဖြေဆိုထားသည်ကို တွေ့ရှိ ရပါသည် ။

## (ခ) LGBTIQAs များ၏ အခွင့်အရေး၊ တရားဥပဒေဆိုင်ရာအခွင့်အရေး နှင့် စပ်လျဉ်း၍ စစ်တမ်းဖြေဆိုသူများ၏ သိရှိနားလည်မှု

မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် နိုင်ငံတွင်း နေထိုင်ခြင်းသည် ဥပဒေအရ လုံခြုံမှုရှိသည်ဟု သင်ထင်ပါသလား ။








စစ်တမ်းဖြေဆိုသူများအနက် 53.2% တို့သည် မြန်မာနိုင်ငံသားတစ်ဦး အနေဖြင့် နိုင်ငံတွင်းနေထိုင်ခြင်းသည် ဥပဒေအရ လုံခြုံမှုရှိသည်ဟုထင်ပြီး ကျန် 46.8% တို့သည် မထင်မြင်သည်ကို တွေ့ရသည် ။ မထင်မြင်ပါဟု ဖြေဆိုထားသူများ ထဲတွင် LGBTIQA များအနက် လိင်တူချစ်သူ အမျိုးသား 77% ၊ လိင်တူချစ်သူအမျိုးသမီး 8% ၊ ဆန့်ကျင်ဘက်လိင်ကဲ့သို့ပြောင်းလဲဝတ်ဆင်သူ အမျိုးသား

LGBTIQA များအနက် လိင်တူချစ်သူ အမျိုးသား 77% ၊ လိင်တူချစ်သူအမျိုးသမီး 8% ၊ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား 4.7% နှင့် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီး 82.2% အသီးသီး တို့ပါဝင်နေကြောင်း တွက်ချက် သိရှိနိုင်သည် ။ အထက်ပါ ကိန်းဂဏန်းများကို ကြည့်ခြင်း အားဖြင့်


ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူများသည် LGBTIQA များ အတွက် ပစ်မှတ်ထားသော ဥပဒေများကြား သားကောင်များ သဖွယ် ကြည့်မြင် ခံနေရခြင်း နှင့် ခြိမ်းခြောက်ခံ နေရခြင်းများကို ပိုမိုခံစားနေရ၍ နိုင်ငံသားတစ်ဦး အနေဖြင့် နိုင်ငံတွင်း ရှင်သန်နေထိုင်ရန် လုံခြုံမှုမရှိဟု ခံစားနေရကြောင်း သိသာ ထင်ရှားစေပါသည် ။

ပုဒ်မ(၃၇၇)နှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း(သို့) ခြိမ်းခြောက်ခံရခြင်းရှိပါသလား ။





စစ်တမ်းဖြေဆိုသူများ အနက် အများစု 83.9% မှာ ရာဇသတ်ကြီးပုဒ်မ (၃၇၇) နှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်းမရှိဟု ဖြေဆိုထားပြီး ကျန် 16.1% သည် အရေးယူ ခံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်း ရှိပါသည် ဟု ဖြေဆိုထားကာ အဆိုပါရှိသည်ဟု ဖြေဆိုထားသူများ အနက် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQA များ အများဆုံး ပါဝင်နေသည်ကို လေ့လာ တွေ့ရှိရသည် ။

ရဲအက်ဥပဒေ ၃၅(ဃ) နှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်း ရှိပါသလား ။





ဖြေဆိုသူများအနက် ရဲအက် ၃၅(ဃ) နှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း (သို့) ခြိမ်းခြောက် ခံရခြင်း မရှိဟု ဖြေဆိုထားသူ 81% ရှိပြီး ရှိသည်ဟု ဖြေဆိုထားသူ 19% ပါဝင်ကာ ရှိသည်ဟု ဖြေဆိုထားသူများအနက် စစ်တမ်းဖြေဆိုသူ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသူ LGBTIQA များ အများဆုံး ပါဝင်နေသည်ကို တွေ့ရှိရသည် ။

ရဲများသည် လိင်စိတ်ခံယူမှု ကွဲပြားသူများအား ဥပဒေမဲ့ ဖမ်းဆီးသည်ကို သင်သတိထား မိပါသလား ။



ရဲများသည် လိင်စိတ်ခံယူမှု ကွဲပြားသူများအား ဥပဒေမဲ့ ဖမ်းဆီးသည်ကို သင် သတိထားမိပါသလား ဟု မေးမြန်းရာတွင် 67% သည် မထားမိဟု ဖြေဆိုထားပြီး ကျန် 33% တို့သည် သတိထားမိသည်ဟု ဖြေဆိုထားသည် ။ သတိထားမိသည် ဟု ဖြေဆိုထားသူများအနက်မှ လိင်စိတ်ခံယူမှု ကွဲ ပြားသူ LGBTIQA များ အနေဖြင့် 59% သည် သတိထားမိသည်ဟု ဖြေဆိုထားသဖြင့် ရာနှုန်းထက် ဝက်ခန့် နီးစပ်နေသည်ကို တွေ့ရှိရပြီး အချို့မှာ ၎င်းတို့ကိုယ်တိုင် ကြုံတွေ့ခဲ့ရခြင်းဖြစ်ကာ အချို့မှာ ဖြေဆိုသူများ သည် ၎င်းတို့၏ ပတ်ဝန်းကျင်ရှိ LGBTIQA အပေါင်းအဖော်များမှ ကြုံတွေ့ခဲ့ရခြင်းဖြစ် သည်ကို စစ်တမ်းကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းစဉ် ဆောင်ရွက်ခဲ့သူများက ကြားသိခဲ့ရသည် ။ အဆိုပါ ဖြည့်စွက် ပြောကြားချက်များက တရားဥပဒေစိုးမိုးရေး တာဝန်ရှိသူများအနေဖြင့် ရဲအက်ဥပဒေများဖြင့် လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQA များ အား ပစ်မှတ်ထားနေသည်ကို အထင်အရှား တွေ့ရှိနိုင်ပါသည် ။


လိင်စိတ်ခံယူမှု ကွဲပြားသော မြန်မာနိုင်ငံသား LGBTIQA များအနေဖြင့် အခြား မြန်မာနိုင်ငံသားများ နှင့် တန်းတူ အခွင့်အရေးများ ရနေသည်ဟု သင်ထင်ပါသလား ။




LGBTIQA များအနေဖြင့် အခြားမြန်မာနိုင်ငံသားများနှင့် တန်းတူအခွင့်အရေးများ ရနေသည်ဟု ထင်ပါသလား ဟု မေးမြန်းရာတွင် မဖြေဆိုထားသူ 15% ရှိပြီး ဖြေဆိုထားသူများ အနက် 64% သည် မထင်ပါဟုဖြေဆိုထားကာ 21% ကသာ ထင်မြင်သည်ဟု ဖြေဆိုထားသည်ကို တွေ့ရှိရသည် ။

လက်တွေ့ အခြေအနေတွင်လည်း LGBTIQA များသည် အခြားနိုင်ငံသားများ နည်းတူတန်းတူ အခွင့်အရေးများမရရှိပဲ နယ်ပယ်အသီးသီးတွင် ခွဲခြားဆက်ဆံခြင်းများ ကြုံတွေ့ ခံစားနေရသည်ကို အစီရင်ခံစာ အပိုင်း(၁) တွင် အကျယ်တဝင့် ရှင်းလင်း ဖော်ပြထားပြီးဖြစ်ပါသည် ။

လိင်စိတ်ခံယူမှု ကွဲပြားသူများ၏ အခွင့်အရေးသည် အရေးပါသည်ဟု သင်ခံစား မိပါသလား ။




LGBTIQA များ၏ အခွင့်အရေးသည် အရေးပါသည်ဟု သင်ခံစားမိပါသလား ဟု မေးမြန်းရာ ဖြေဆိုမှုမရှိသူ 16.6% ရှိပြီး အခြား 17.8% တို့ကသာ အရေးပါသည်ဟု မခံစားမိဟု ဖြေဆိုကာ ကျန် 65.6% တို့သည် အရေးပါသည်ဟု ခံစားမိသည်ဟု ဖြေဆိုထားသည်ကို တွေ့ရှိရပါသည် ။

(ဂ) တရားဥပဒေဆိုင်ရာ ကဏ္ဍတွင် LGBTIQA များ ကြုံတွေ့နေရသော လူ့အခွင့် အရေး ချိုးဖောက်ခံရမှုများ

မြန်မာနိုင်ငံတွင်းရှိ LGBTIQA များသည် တရားဥပဒေဆိုင်ရာ အသိအမြင်နည်းပါးသည့် အပြင် LGBTIQA အမှုသည်များနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို အကူအညီပေး ဆောင်ရွက်ပြီး ဥပဒေဆိုင်ရာ ကျွမ်းကျင်ပုဂ္ဂိုလ်များ လက်တစ်ကမ်းတွင် မရှိခြင်းမှာလည်း ကြီးမားသောစိန်ခေါ်မှု တစ်ရပ်ဖြစ်နေပြန်သည် ။

ထိုသို့ ဥပဒေရေးရာအရ အကာအကွယ်ရရှိမှု အားနည်းသည့်အပြင် နိုင်ငံသား တစ်ဦးကဲ့သို့ ဥပဒေ၏ ရှေ့မှောက်တွင် တန်းတူဆက်ဆံခြင်း မခံရသည်များကိုလည်း စစ်တမ်းဖြေဆိုသူများက ၎င်းတို့၏ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော တရားဥပဒေ စိုးမိုးရေး ဆိုင်ရာတာဝန်ရှိသူ အစိုးရဝန်ထမ်းများ၏ ခွဲခြားဆက်ဆံမှုများနှင့် စပ်လျဉ်းပြီး ဖွင့်ဟ ပြောဆိုခဲ့ကြသည် ။

ဥပမာအားဖြင့် ညဘက်အချိန်အခါတွင် ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီးနှစ်ဦးသည် အများပြည်သူများကဲ့သို့ သွားလာလည်ပတ်ပြီး ၎င်းတို့၏ ယောကျ်ားလေး လူငယ်အပေါင်းအဖော်များနှင့် သွားလာသည်ကို လိင်လုပ်သား ဟု စွပ်စွဲချက်ဖြင့် ထိုဆန့်ကျင်ဘက်လိင် သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးနှစ်ဦးအား စခန်းသို့ အတင်းအဓမ္မခေါ်ဆောင်သွားပြီး အကျီ အဝတ်အစား များကို အကုန်ချွတ်စေကာ ကိုယ်ဗလာကျင်းစေပြီး အရှက်ရအောင် ပြုလုပ်ခဲ့သည် များရှိကြောင်း၊ ၎င်းတို့ကို လိင်မှုကိစ္စ အနိုင်ယူရန်လည်း ပါဝါကိုသုံးပြီး ဖိအားပေးခဲ့ပြီး အဓမ္မပြုကျင့်ခံခဲ့ရကြောင်း၊ (--) မြို့နယ်ရှိ ဆန့်ကျင်ဘက် လိင်ကဲ့သို့ ပြောင်းလဲ ဝတ်ဆင်သူ အမျိုးသမီးကလည်း ၎င်းသည် ဘုရားပွဲတစ်ခုရှိ လက်ဖက်ရည်ဆိုင်တွင် အပေါင်းအဖော်များနှင့် ထိုင်နေသည်ကို သက်ဆိုင်ရာ ရဲအရာရှိ(၂)ဦးမှ စခန်းသို့ ခနလိုက်ခဲ့ပါဟု ဆိုပြီး အတင်းလိုက်ခိုင်းခဲ့ကြောင်း၊ မည်သည့်အတွက်ကြောင့် ဟု မေးရာ အဖြေ တစ်စုံတစ်ရာမပေးပဲ ခေါ်ဆောင်သွားကြောင်း၊ ရောက်သည့်အခါ ၎င်းတို့၏ ပိုင်ဆိုင်မှုကို အိတ်သွန် ဖာမှောက်ဖွေရှာပြီး ထိုလက်ဖက်ရည်ဆိုင် အနီးရှိ လူတစ်ဦးမှာ ဖုန်းတစ်လုံးနှင့် ငွေသားအချို့ ပျောက်ဆုံးသွားသဖြင့် သံသယ ရှိသူဖြစ်သော ၎င်းတို့ကို ခေါ်ဆောင်လာပြီး စစ်ဆေးခြင်း ဖြစ်ကြောင်းပြောကြားရာ အမျိုးသမီးမှ ၎င်းတို့သည် သာမန်ပြည်သူများသာ ဖြစ်ကြောင်း၊ မှုခင်း တစ်စုံတစ်ရာ ပေါ်ပေါက်သည်ကို သက်သေခိုင်လုံမှု မရှိပဲနှင့် စခန်းတွင်းသို့ လိုက်စေပြီး စစ်ဆေးမေးမြန်းမှုသည် တရားဥပဒေ နှင့် မကိုက်ညီကြောင်း စသဖြင့် ပြန်လည်ချေပသော်လည်း ၎င်းတို့က "မင်းတို့ပါးစပ်ကို ပိတ်ထား" ဟု ဆိုပြီး ခံဝန်ချက်ထိုးစေကြောင်း၊ ၎င်းတို့မှ မိမိတို့တွင် မည်သည့်အမှု တစ်စုံတစ်ရာမှ ကျူးလွန် ထားခြင်းမရှိသဖြင့် မထိုးနိုင်ကြောင်း ပြောဆိုပြီး နာရီအတန်ကြာမှ ပြန်လည်လွှတ်ပေးခဲ့ကြောင်း၊ စသဖြင့် တရားဥပဒေစိုးမိုးရေး အရာရှိများ၏ (အထူးသဖြင့်) ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးများအပေါ် အခွင့်အရေး ချိုးဖောက်မှုများကို ဝန်ခံပြောပြသွားခဲ့ကြသည် ။


(--) မြို့ရှိ ဆန့်ကျင်ဘက်လိင်ကဲ့သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသမီးကလည်း - "ရဲတွေဆိုတာ ကျွန်မတို့လို Transgenderတွေကို မှောင်ရိပ်ခိုမှု၊ အယောင်ဆောင်မှုတွေနဲ့ပဲ ခေါင်းစဉ်တပ်ပြီး ဥပဒေနဲ့ လက်တစ်လုံးခြား လူ့အခွင့်အရေး ချိုးဖောက်ပြီး ငွေညှစ်နေတာတွေ မြင်ရတယ်။ ကျွန်မတို့လို Transgenderဟာ သူ့တို့အတွက် Password မလိုတဲ့ ATM စက်ကြီးတစ်လုံးလို သတ်မှတ်ထားပုံရတယ်။ ဒီလိုအမှုခေါင်းစဉ်တွေနဲ့ ကျွန်မတို့ကို ဖမ်းဆီးတယ်။ အပြစ်မရှိအပစ်ရှာပြီး ခံဝန်ချုပ်ထိုးခိုင်းတယ်။ မထိုးနိုင်ရင် ငွေစကားက ပြောတယ်။" ဟု ၎င်း၏ Transgender ဖြစ်တည်မှု သက်တမ်း တစ်လျှောက်အတွင်း တရားဥပဒေ စိုးမိုးရေး အရာရှိများ၏ အခွင့်အရေး ချိုးဖောက်မှုများကို ပြောကြားခဲ့ပြန်သည်။ ထိုသို့ ဖမ်းဆီးထိန်းသိမ်းခံရသည့် Transgender များကိုလည်း ရဲအရာရှိများမှ အဂတိလိုက်စားပြီး ငွေညှစ်လျှင် ပေးဆောင်ရသော ငွေကြေးပမာဏသည် ၅သောင်းထက် မနည်းသော ၅သောင်း နှင့် နှစ်သိန်းကြားပမာဏ ဖြစ်သည်ကိုလည်း ၎င်းတို့၏ ပြောကြားချက်များ အရသိရသည်။

(ဃ) လိင်တူချင်း ချစ်ခင်စုံမက်ခြင်းနှင့် ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာ တန်းတူညီမျှခွင့် နှင့် စပ်လျဉ်း၍ စစ်တမ်းဖြေဆိုသူများ၏ အမြင်

(၂၁) ရာစုတွင် လူ့အခွင့်အရေးကို လေးစား တန်ဖိုးထားသော ဒီမိုကရေစီနိုင်ငံကြီးများသည် စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့် ကဏ္ဍအသီးသီးတို့တွင် ဖွံ့ဖြိုးတိုးတက် အောင်ကြံ ဆောင်ကြရာဝယ် နိုင်ငံသားတိုင်း တန်းတူညီမျှခွင့်ကို မပျက်မကွက် ထည့်သွင်းစဉ်း စားလာကြပြီး မတူကွဲပြားမှု နှင့် လူနည်းစုများကို ဖိနှိပ်ထားသည့် ခေတ်နှင့် မလျော်ညီတော့သော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ပြောင်းလဲပြင်ဆင်ကာ ပိုမိုကောင်းမွန်သော လူ့ဘောင်အဖွဲ့အစည်း ပေါ်ပေါက်လာအောင် ဖော်ဆောင်လာကြသည်။ ဒုတိယကမ္ဘာစစ်အပြီးမှ စတင်တွင်ကျယ်လာခဲ့သည့် "လူ့အခွင့်အရေး" ဟူသော စကားစုမှ အစတည်၍ ဆင့်ကဲဖြစ်ပေါ်ခဲ့သော ကျွန်လုပ်သားစနစ်ပယ်ဖျက်ခြင်း မှ သည် ယနေ့ ကမ္ဘာ့နိုင်ငံ (၂၇) နိုင်ငံတို့တွင်မူ ၎င်းတို့၏ နိုင်ငံသားများကို လိင်ဝိသေသ၊ လိင်စိတ်ခံယူမှုကွဲပြားသည့်အပေါ် အခြေခံ၍ ပိုင်းခြားကန့်သတ်ထား သော ဥပဒေများကို ပယ်ဖျက်ကာ Same-sex marriage (လိင်တူချင်း ထိမ်းမြားလက်ထပ်ခြင်းဆိုင်ရာဥပဒေ) ကို အတည်ပြု ပြဌာန်းပေးထားနိုင်သည် ထိအောင် လူ့သမိုင်းကြောင်းတစ်လျှောက်တွင် ပြောင်းလဲလာခဲ့ပြီဖြစ်သည်။

ဒီမိုကရေစီအသွင် ကူးပြောင်းစကာလ မြန်မာနိုင်ငံအနေဖြင့် လိင်တူချစ်သူများ၏ အခွင့်အရေးကို ပင်မဆိုထားနှင့်။ နိုင်ငံအတွင်း နိုင်ငံသားများ၏ အခွင့်အရေးများ၊ တိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ စသည်တို့ကိုပင် လုံလောက်အောင် မကာကွယ်၊ မပေးစွမ်းနိုင်ပဲ လူထုငြိမ်းချမ်းရေးကို အဓိက ထား၍ အားသွန်ခွန်စိုက် လုပ်ဆောင်နေရသည်ဖြစ်သော်လည်း လူနည်းစုများကို ခွဲခြားဆက်ဆံခြင်း သည်လည်း အကြမ်းဖက်မှုများစွာတို့၏ အခြေခံဇစ်မြစ်ဖြစ်သဖြင့် "LGBTIQA နှင့် Non-LGBTIQA များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ခြင်း စစ်တမ်း" အပိုင်း (၂) တွင် စီမံကိန်းဦးတည်ရာ ဒေသများရှိ ပြည်သူလူထုများ အနေဖြင့် လိင်တူချစ်ခင်စုံမက်ခြင်း နှင့် စပ်လျဉ်းပြီး ၄င်းတို့၏ သဘောထားအမြင်များကို သိရှိနိုင်ရန် အောက်ပါအတိုင်း မေးမြန်းနိုင်ခဲ့သည် ။


လိင်တူချင်းထိမ်းမြှားလက်ထပ်ခြင်းသည် မြန်မာနိုင်ငံတွင်တရားဝင်ဖြစ်သင့်ပါသလား ။




လိင်တူချင်းလက်ထပ်ခြင်းသည် မြန်မာနိုင်ငံတွင် တရားဝင် ဖြစ်သင့်ပါသလား ဟု မေးမြန်းရာတွင် ဖြေဆိုသူများအနက် 71.6% သည် ဖြစ်သင့်ပါသည် ဟု ဖြေဆိုထားသည်ကို ထူးခြားစွာ တွေ့မြင်ရပါသည် ။ မဖြစ်သင့်ပါဟု ဖြေဆိုထားသူ 28.4% ရှိပြီး ၄င်းတို့၏ အဖြေအတွက် အကြောင်းပြချက်များကို ဆက်လက် မေးမြန်းခဲ့ရာ အောက်ပါ ကိန်းညွှန်းများအတိုင်း ဖော်ပြနိုင်ခဲ့သည် ။

လိင်တူချင်း လက်ထပ်ခြင်းသည် မြန်မာနိုင်ငံတွင် တရားဝင်မဖြစ်သင့်ပါ ။ အဘယ်ကြောင့်ဆိုသော် -

## Same sex marriage should not be legal in Myanmar because




(A). It conflicts with my religious beliefs.

(B). Marriage should be between a man and a woman.

(C). It weakens the core solidarity of marriage.

(D). It can lead to unnatural offenses.

(E). A child should have both mother and father.


(F). Marriage is ultimately for reproduction.

(G). Marrige is a privilege. Not a right.

(H). Same-sex marriage is not described in Myanmar's legal context.

" မဖြစ်သင့်ပါဟု ဖြေဆိုလျှင် မည်သည့်အတွက်ကြောင့် ဟု ထင်ပါသနည်း "- ဟု ဆက်လက်မေးမြန်းရာတွင် ဖြေဆိုသူများ၏ 25.4% သည် မိမိ၏ ဘာသာရေး အမြင်နှင့် ဆန့်ကျင်နေသဖြင့် ဟူ၍ လည်းကောင်း၊ 23.8% က အိမ်ထောင်ပြုခြင်းသည် အမျိုးသား နှင့် အမျိုးသမီးအကြားတွင်သာ ဖြစ်သင့်သည်ဟူ၍ လည်းကောင်း၊ 5.4% က အိမ်ထောင်ရေး၏ အနှစ်သာရကို အားနည်းစေသည်ဟူ၍ လည်းကောင်း၊ 6.9% က ဓမ္မတာနှင့် ဆန့်ကျင်သော ကိစ္စများဖြစ်လာနိုင်သည် ဟူ၍ လည်းကောင်း၊ 8.5% က အိမ်ထောင်ရေးသည် မျိုးဆက်ပွားရန်ဖြစ်သည်ဟူ၍ လည်းကောင်း၊ 14.6% က ကလေးများအနေဖြင့် မိခင်ရော ဖခင်ပါရှိသင့်သည်ဟူ၍ လည်းကောင်း၊ 6.9% က လက်ထပ် ထိမ်းမြားခြင်းသည် အခွင့်ထူးတစ်ရပ် ဖြစ်သည်၊ အခွင့်အရေး တစ်ရပ်မဟုတ် ဟူ၍ လည်းကောင်း၊ 8.5% က မြန်မာနိုင်ငံတွင် လိင်တူချင်း လက်ထပ်ခြင်းကို ပြဋ္ဌာန်း ထားခြင်းမရှိ ဟူ၍ လည်းကောင်း- အသီးသီး ရွေးချယ် ဖြေဆိုထားကြသည်ကို တွေ့ရှိရသည် ။

သာမန်လက်ထပ် ထိမ်းမြားထားသော စုံတွဲများကဲ့သို့ လိင်တူချစ်သူစုံတွဲများသည် တူညီသော အကျိုးခံစားခွင့် ရှိသည်ဟု သင်ထင်ပါသလား ။



လိင်တူချစ်သူစုံတွဲများသည် အခြားလက်ထပ် ထိမ်းမြားထားသော စုံတွဲများကဲ့သို့ တူညီသော အကျိုးခံစားခွင့်ရှိသည် ဟု ထင်ပါသလား ဟု မေးမြန်းသည့်အပိုင်းတွင် ဖြေဆိုသူများအနက် 69% သည် ခံစားခွင့်ရှိသည် ဟု ထင်သည်ဟု ဖြေဆိုထားပြီး ကျန် 31% ကသာ မထင်မြင်ဟု ဖြေဆိုထားသည်ကို ကြည့်ခြင်းအားဖြင့် ပြည်သူလူထု၏ ယေဘုယျအမြင်သည် လိင်တူ ချစ်သူစုံတွဲများအပေါ် အလေးပေးလိုသော အနေ အထား ရှိသည်ကို ခြုံငုံ သုံးသပ်နိုင်သည် ။














# အကြံပြုချက်များ

"LGBTIQA နှင့် Non-LGBTIQA များကြား LGBTIQA များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှုဆန်းစစ်ခြင်း" စစ်တမ်းတွင် ပါဝင် ဖြေဆိုခဲ့သူများအား ၎င်းတို့ဒေသအတွင်းရှိ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအား ကဏ္ဍအသီးသီးတို့တွင် ခွဲခြားဆက်ဆံနေခြင်းများကို လျော့နည်းပပျောက်သွားအောင် လုပ်ဆောင်သင့်သည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝေဖန်အကြံပြုချက်များကိုလည်း စစ်တမ်းကောက်ယူခြင်း နှင့် လေ့လာစောင့်ကြည့်ခြင်းဆိုင်ရာ စီမံကိန်းတာဝန်ခံများမှ စုဆောင်းရယူခဲ့ပါသည် ။

လူမှုပတ်ဝန်းကျင် နှင့် ဓလေ့ထုံးတမ်းတွင် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအား ခွဲခြားဆက်ဆံမှု လျော့နည်းလာအောင် LGBTIQA များ အနေဖြင့် မိမိတို့၏ အပြုအမူ ကျင့်စဉ်များအား အကောင်းဘက် သို့ ပြောင်းလဲခြင်း ဆိုင်ရာ Behaviour Change ကို ဦးစွာလုပ်ဆောင်မှုသည် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ လူမှုပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ခြင်းဆိုင်ရာ လုပ်ငန်းစဉ် များတွင် တက်ကြွလှုပ်ရှားသော နိုင်ငံသားများအဖြစ် ပါဝင်ဆောင်ရွက်ခြင်းသည်လည်း ယေဘုယျပြည်သူတို့၏ အမြင်တွင် LGBTIQA များကို လက်ခံလာနိုင်အောင် အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်ဖြစ်ကြောင်း စစ်တမ်း ဖြေဆိုသူများမှ ဖြည့်စွက်အကြံပြုထားသည် ။

မိသားစုတွင်း LGBTIQA များအား အိမ်တွင်း အကြမ်းဖက်မှုများ လျော့နည်းပပျောက်စေရန် ဆောင်ရွက်ရာတွင် လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ၏ မိဘများ၊ ညီအစ်ကိုမောင်နှမများ၊ သူငယ်ချင်းများ၊ မိတ်ဆွေများ အားလုံးတို့သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ကြောင်း၊ ၎င်းတို့၏ လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွှတ်မှု ခံယူဖော်ပြခြင်း လက္ခဏာများ ဆိုင်ရာ SOGIESC နှင့် ပတ်သက်သည့် ဗဟုသုတများ တိုးပွားလာအောင် အမြင်ဖွင့်ခြင်းများကို သင်တန်းပုံစံများ၊ စည်းရုံးလှုံ့ဆော်ခြင်း ပုံစံများ စသဖြင့်တိုးမြှင့်ဆောင်ရွက်ခြင်းသည် ပိုမိုထိရောက်စေမည်ဖြစ်ကြောင်း အကြံပေး ပြောကြားထားသည်ကို တွေ့ရှိရပါသည် ။

ပညာရေးပိုင်းတွင်လည်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများအား ဆရာ၊ ဆရာမများ နှင့် အတန်းဖော်များ၊ အခြားကျောင်းသူ ကျောင်းသားများမှ စိတ်ပိုင်း ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်နေခြင်းကို လျော့ချရန်မှာ အခြေခံပညာ

အခြေခံပညာကျောင်းများမှ အစချီပြီး လိင်ဝိသေသ၊ လိင်စိတ်တိမ်းညွတ်မှု၊ ခံယူ ဖော်ပြခြင်း လက္ခဏာများဆိုင်ရာ SOGIESC နှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများကို ကျောင်းချိန်ပြင်ပ သင်ရိုးညွှန်းတမ်းများကို နယ်ပယ်တွင်းမှ အသိပညာရှင်၊ အတတ်ပညာရှင်များ၏ အကူအညီများဖြင့် ရယူဖော်ဆောင်ပြီး တစ်ဆင့်ပြန်လည် သင်ကြားပို့ချခြင်းသည် ကောင်းမွန်သော နည်းလမ်းတစ်ခု ဖြစ်ကြောင်း၊ တက္ကသိုလ်ကျောင်းများတွင် ကျားမ တူညီဝတ်စုံ ဝတ်ဆင်ခြင်းဆိုင်ရာ စည်းကမ်းကြပ်မတ်မှုများ ဖြစ်ပေါ်နေသည့် ကျောင်းသားရေးရာ ဌာနများတွင်လည်း အလားတူ လုပ်ငန်းစဉ်များ လုပ်ဆောင်ပြီး လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ ကျောင်းသား ကျောင်းသူများအတွက် စည်းမျဉ်း မူဝါဒများချမှတ်ပြီး ပိုမိုသာယာ စိုပြေသည့် ပညာ့ရိပ်မြုံများဖြစ်အောင် ဖန်တီးပေးလာနိုင်မည် ဖြစ်ကြောင်း အသီးသီး ဖြည့်စွက် အကြံပြုထားသည် ။

လုပ်ငန်းခွင်အတွင်း LGBTIQA များအား ခွဲခြားဆက်ဆံခြင်းများ နှင့် ပတ်သက်ပြီး Inclusion Policy ခေါ် အားလုံး ညီတူသာမျှ ပါဝင်ခြင်းဆိုင်ရာ စည်းမျဉ်း မူဝါဒများကို ချမှတ်ကျင့်သုံးခြင်းသည် ကောင်းမွန်သော အကျိုးကျေးဇူးများ ပေါ်ပေါက်စေနိုင်မည် ဖြစ်ကြောင်း၊ စွန့်ဦးတီထွင်လုပ်ငန်းရှင်များ၊ အခြားစီးပွားရေးလုပ်ငန်းရှင်များ နှင့် လည်း အလုပ်ခွင်တွင်း LGBTIQA အလုပ်သမားများခန့် အပ်ထားခြင်း နှင့် အခြားစိန်ခေါ်မှုများ ဆိုင်ရာ ဆွေးနွေးနှီးနှော ဖလှယ်သည့် အလုပ်ရုံဆွေးနွေးပွဲများ၊ စသည်တို့ကို ပိုမိုလုပ်ဆောင်ခြင်း သည်လည်း ကောင်းမွန်သော နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း ပြောကြားချက်များ တွေ့ရှိရသည် ။ ကျန်းမာရေးစောင့်ရှောက်မှုအပိုင်းတွင် ပြည်သူ့ ကျန်းမာရေးဌာနများမှ တာဝန်ရှိသူများက LGBTIQA များ၊ အထူးသဖြင့် ဆန့်ကျင် ဘက်လိင်ကဲ့ သို့ ပြောင်းလဲဝတ်ဆင်သူ အမျိုးသား/အမျိုးသမီးများကို ခွဲခြား ဆက်ဆံခြင်း ပြုလုပ်နေခြင်းများအပေါ် သက်ဆိုင်ရာဌာန တာဝန်ခံများထံသို့ လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများဆိုင်ရာ အရပ်ဖက် အဖွဲ့အစည်းများ၊ အရေးတက်ကြွ လှုပ်ရှားသူများအနေဖြင့် ပိုမိုထိရောက်မှုရှိသော နည်းဗျူဟာ တစ်ရပ်ဖော်ဆောင်ပြီး စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်သွားရန် လိုအပ်သည်ဟု ထင်မြင်မိကြောင်းလည်း အကြံပြုချက်များ ပေးထားသည်ကို တွေ့ရှိရပါသည် ။

ဥပဒေပိုင်းတွင်လည်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများသည် အမိ နိုင်ငံသားများ ဖြစ်သကဲ့သို့ တရားဥပဒေရှေ့မှောက်တွင် အခြားနိုင်ငံသားများနည်းတူ တန်းတူအခွင့်အရေးများ နှင့် ဆက်ဆံခံရခြင်းများ တိုးပွားမြင့်မား လာစေရန် တရား ဥပဒေစိုးမိုးရေး တာဝန်ရှိသူ၊ ရဲအရာရှိများတို့၏ လူ့အခွင့်အရေး အသိအမြင်များ၊ လိင်ဝိသေသ၊ လိင်စိတ်ခံယူဖော်ပြမှု ဝိသေသလက္ခဏာ အကြောင်းအရာများ နှင့် LGBTIQA များ၏ အခွင့်အရေးများအကြောင်းကို အသိအမြင် ဖွင့်ခြင်းများတိုးမြှင့် လုပ်ဆောင်သွားရန် လိုအပ်ကြောင်းလည်း အကြံပြုထားကြပါသည် ။

မြန်မာနိုင်ငံအတွင်းရှိ LGBTIQA များသည် ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းနှင့် လူမှုအသိုင်းအဝိုင်း၏ အထက်အမြင် ယူဆချက်များကို ဆန့်ကျင်သည့် သဘောရှိသည်နှင့် အညီလိင်တူချစ်သူ အမျိုးသား/အမျိုးသမီးတို့သည် မိမိတို့၏ လက်တွဲဖော် နှင့် တစ်အိုးတစ်အိမ်တည်ထောင်ပြီး သားသမီး မွေးစားခြင်းများကို တော်ရုံမလုပ်ဆောင်နိုင်ပဲ သက်ကြီးပိုင်းတွင် တစ်ကိုယ်တည်း ရုန်းကန် ဖြတ်သန်း ကြရသူ အရေအတွက်က ပိုမိုများပြားလျက်ရှိသည် ။ ထိုသို့ရှိသည်နှင့် အညီ အစိုးရနှင့် ပုဂ္ဂလိက "သက်ကြီးရွယ်အို စောင့်ရှောက်ရေး ဂေဟာ" များရှိပါသော်လည်း LGBTIQAသက်ကြီးရွယ်အိုများအတွက် ရှိရင်းစွဲ ခွဲခြားဆက်ဆံမှုများ မသက်သာပဲ ၎င်းတို့ ဝင်ရောက်မှီခို နေထိုင်ရာတွင်လည်း အခက်အခဲများ **ရှိနေပြန်သဖြင့်** စစ်တမ်း ကောက်ယူသူများ အနေဖြင့် လက်ရှိသက်ကြီးရွယ်အို စောင့်ရှောက်ရေးဌာနများ နေရာများတွင် LGBTIQA နှင့် ပတ်သက်သော အသိအမြင်များ နှီးကြားသည့် လူမှုဝန်ထမ်းများ ပေါ်ပေါက်လာအောင် လုပ်ဆောင်ရန် လိုအပ်ကြောင်း နှင့် "LGBTIQAသက်ကြီးရွယ်အိုများအတွက် သီးသန့်စောင့်ရှောက်ရေး ဂေဟာ" ကဲ့သို့သော ရိပ်သာ၊ ဂေဟာတစ်ခုခု တည်ထောင်သင့်ကြောင်း အကြံပေး ဆွေးနွေး ထားကြသည်ကို တွေ့ရပါသည် ။

ကျွန်ုပ်တို့ လူထုရပိုင်ခွင့် ညှိနှိုင်းဖော်ဆောင်ရေးအဖွဲ့ (မြန်မာပြည်) ၏ ယခုနှစ်အစောပိုင်းတွင် နေပြည်တော်၊ ပြည်သူ့လွှတ်တော်ရှိ "နိုင်ငံသားများ၏ မူလအခွင့်အရေး ဆိုင်ရာကော်မတီ" နှင့် သွားရောက်ဆွေးနွေးစဉ် သက်ဆိုင်ရာ ဥပဒေပညာရှင်များ၏ အကြံပြုချက်များအရ ကျွန်ုပ်တို့ မြန်မာ့လူ့ဘောင် အဖွဲ့အစည်း တွင် အချို့သောလက်ရေးဖြင့် ရေးမထားသည့် ဥပဒေများသည် မိမိတို့ LGBTIQA များအတွက် ပိုမိုခြိမ်းခြောက်နေပြီး လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူများ နှင့် Characteristics(SOGIESC) ဆိုင်ရာ အသိပညာ ဗဟုသုတများ လူထုထဲတွင် ပိုမိုပြန့်နှံ့ရန် လိုအပ်ကြောင်းနှင့်LGBTIQA **များ၏အခွင့်အရေးသည်လူ့အခွင့်အရေးပင်ဖြစ်သည်နှင့်အညီမိမိတို့၏အခွင့်အရေးအတွက်ချိုးဖောက်ခံနေရသည်များအတွက်** "ခွဲခြားဆက်ဆံမှုပပျောက်ရေးဥပဒေ" ခေါ် Anti-discrimination Laws များကိုသက်ဆိုင်ရာဥပဒေကျွမ်းကျင်သူများ၏အကူအညီကိုရယူပြီးဥပဒေမူကြမ်းတစ်ခုအဖြစ်ထွက်ပေါ်လာအောင်ရေးဆွဲတင်သွင်းအဆိုပြုသင့်ကြောင်းကိုလည်း ဆွေးနွေးချက်များမှတစ်ဆင့် သိရှိလာခဲ့ရပြီးဖြစ်ပါသည်။

စပ်လျဉ်းသည့် Sexual Orientation,  Gender Identity,  Expression and Sex  Characteristics (SOGIESC) ဆိုင်ရာ အသိပညာဗဟုသုတများ လူထုထဲတွင် ပိုမို ပြန့်နှံ့ရန် လိုအပ်ကြောင်း နှင့် LGBTIQA များ၏ အခွင့်အရေးသည် လူ့အခွင့်အရေး ပင်ဖြစ်သည်နှင့် အညီ မိမိတို့၏ အခွင့်အရေးအတွက် ချိုးဖောက်ခံနေရသည်များ အတွက် "ခွဲခြားဆက်ဆံမှု ပပျောက်ရေးဥပဒေ" ခေါ် Anti-discrimination Laws များကို သက်ဆိုင်ရာ ဥပဒေ ကျွမ်းကျင်သူများ၏ အကူအညီကို ရယူပြီး ဥပဒေမူကြမ်းတစ်ခု အဖြစ်ထွက်ပေါ်လာအောင် ရေးဆွဲတင်သွင်း အဆိုပြုသင့်ကြောင်း ကိုလည်း ဆွေးနွေးချက်များမှ တစ်ဆင့် သိရှိလာခဲ့ရပြီး ဖြစ်ပါသည်။














# အနှစ်ချုပ်

"LGBTIQA များနှင့် Non-LGBTIQA များအကြား LGBTIQA များ၏ အခွင့်အရေး၊ လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ခြင်း" စစ်တမ်းပါ အဖြစ်အပျက်များကို ကြည့်လျှင် LGBTIQA များသည် လူမှုပတ်ဝန်းကျင် နှင့် ဓလေ့ထုံးတမ်း၊ မိသားစု၊ ပညာရေးနယ်ပယ်၊ အလုပ်ခွင်၊ သက်ကြီးရွယ်အို စောင့်ရှောက်ရေး နှင့် ဥပဒေပိုင်းဆိုင်ရာတို့တွင် ကိုယ်စီကိုယ်ငှ ကြုံတွေ့နေကြရသည့် ခွဲခြား ဆက်ဆံခံရမှုနှင့် မတရားပြုကျင့်မှု ပုံစံများ၏ ပြင်းထန်မှု အတိုင်းအတာကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည် ။ ထိုအဖြစ်အပျက်များက မြန်မာ့လူ့အဖွဲ့အစည်း၏ အမျိုးသား၊ အမျိုးသမီး အခြေခံ လိင်ဝိသေသတို့၏ အခန်းကဏ္ဍ နှင့် အဆိုပါအခြေခံ လိင်ဝိသေသနှင့် ကွဲပြားနေသည့် အခြားသော လိင်ဝိသေသ လက္ခဏာဖော်ပြမှုများကို မလေးစားပဲ အသိအမှတ်ပြုခြင်းမရှိ ဟူသော အယူအဆကိုလည်း မီးမောင်း ထိုးပြနေပေသည် ။ ထိုသို့သော ခံယူချက်များသည် လူ့အသိုင်းအဝိုင်း၏ နေရာနှင့် အလွှာအသီးသီးတွင် အမြစ်တွယ် ရှင်သန်နေသဖြင့် အကြမ်းဖက်ခြင်းနှင့် ခွဲခြား ဆက်ဆံခြင်းကို ကျူးလွန်ခံရသူများ အနေဖြင့် ဥပဒေ၏ အထောက်အပံ့ရရှိရန် သို့မဟုတ် အကူအညီရှာဖွေရန် တစ်နည်းတစ်ဖုံ ခက်ခဲနေစေခြင်း ဖြစ်သည် ။

ထို့ကြောင့် မြန်မာ့လူမှု အသိုင်းအဝိုင်းအတွင်း လိင်ဝိသေသ၊ လိင်စိတ်ခံယူမှု ကွဲပြားသူ LGBTIQA များနှင့် အတူ ၎င်းတို့၏ မိတ်ဆွေများ၊ မိသားစုများနှင့်လည်းချိတ်ဆက်အား ပိုမိုကောင်းမွန်ပြီး LGBTIQA များ ကြုံတွေ့နေရသော အခက်အခဲနှင့် ပြဿနာများကို ဖြေရှင်းရာတွင် ပိုမိုထိရောက် လွယ်ကူစေရန် PFLAG-Myanmar (Parents,Friends and Families of Lesbians and Gays) Program အစီအစဉ်တစ်ခုဖြင့်လည်း ကျွန်ုပ်တို့၏ C.A.N-Myanmar မှ တာဝန်ယူကာ အခြား LGBTIQA အဖွဲ့အစည်းများ နှင့် တက်ညီလက်ညီ လက်တွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည် ။ "Enhancing Capacity for LGBTIQA Rights Engagement" စီမံကိန်း အကောင်အထည်ဖော်စဉ် ကာလတစ်လျှောက်တွင်လည်း မိမိတို့လုပ်ငန်းစဉ်များ နှင့် စပ်လျဉ်းပြီး မိတ်ဖက် အဖွဲ့အစည်းများ အပါအဝင်၊ လွှတ်တော်လေ့လာရေး နှင့် စည်းရုံးလှုံ့ဆော်ရေး ခရီးစဉ်မှ ရရှိလာသောဝေဖန် အကြံပြုချက်များကိုလည်း မကြာမီကာလများတွင် ကျွန်ုပ်တို့ C.A.N-Myanmar အနေဖြင့် ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည် ။

အချုပ်အားဖြင့်ဆိုသော် (၁၉၄၈) ခုနှစ် ပဲရစ် ကုလသမဂ္ဂ အထွေထွေ ညီလာခံမှ သည် ယနေ့တိုင် နိုင်ငံတကာ အဖွဲ့ဝင်များအတွက် အတိအလင်း ကြေညာထားပြီးဖြစ်သော "အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း" ပါ အပိုဒ်(၃၀)တွင် ပါဝင်ပြီးဖြစ်သော "လူတိုင်း မွေးဖွားကတည်းက တူညီသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည်၊ လူတိုင်း အသားရောင်၊ လိင်၊ ကိုးကွယ်သည့် ဘာသာ၊ ကျား၊ မ မရွေးတန်းတူ ညီမျှဖြစ်သည်၊ လူတိုင်း တရားဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံရမည်၊ အခွင့်အရေး ချိုးဖောက်ခံရပါက မည်သူမဆို ဥပဒေ၏ အကူအညီ ယူခွင့်ရှိသည်၊ လူတိုင်းလွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့် ရှိသည်" စသည့် အချက်များသည် အဖွဲ့ဝင်နိုင်ငံများမှ **ပဋိညာဉ်စာချုပ်များဖြင့်** လက်မှတ်ရေးထိုး သဘောတူညီထုတ်ပြန်ထားသော စာတမ်းဖြစ်သဖြင့် နိုင်ငံသားများအားလုံးကလည်း လေးစားလိုက်နာရန် အထူးလိုအပ်ပြီး ထိုသို့လိုက်နာ ဆောင်ရွက်ခြင်းဖြင့်လည်း ကျွန်ုပ်တို့မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင် ကူးပြောင်းရေးကာလတွင် တက်ကြွစွာပါဝင်လှုပ်ရှားနေသော နိုင်ငံသားကောင်းများအဖြစ် နိုင်ငံ့တာဝန်ကို အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်ထမ်းရွက်ကြပါစို့ဟု တိုက်တွန်းလိုက်ရပါတော့သည်။










နောက်ဆက်တွဲ (က) - (၁)

" အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း "

" Universal Declaration of HumanRight "

(၁) လူတိုင်းမွေးဖွားကတည်းက တူညီသော လူ့ဂုဏ်သိက္ခာနှင့် အခွင့်အရေးရှိသည် ။

(၂) လူတိုင်း အသားရောင် ၊ လိင် ၊ ကိုးကွယ်သည့်ဘာသာ ၊ ကျားမ မရွေး တန်းတူ ညီမျှဖြစ်သည် ။

လူတိုင်း အသက်ရှင်ခွင့် လုံခြုံခွင့်ရှိသည် ။

(၃) မည်သူ့ကိုမျှ ကျွန်အဖြစ် စေခိုင်းခြင်းမပြုရ ။

(၄) မည်သူ့ကိုမျှ မတရားနှိပ်စက်ခြင်း မပြုရ ။

(၅) လူတိုင်း တရားဥပဒေရှေ့တွင် လူသားကဲ့သို့ ဆက်ဆံခံရမည် ။

(၆) **လူတိုင်း တရားဥပဒေရှေ့မှောက်တွင် တန်းတူ ဖြစ်သည် ။ ကျောသား ရင်သား မခွဲခြားရ ။**

(၇) အခွင့်ရေး ချိုးဖောက်ခံရပါက ဥပဒေ အကူအညီ ယူခွင့်ရှိသည် ။

မည်သူ့ကိုမှ ဥပဒေမဲ့ဖမ်းဆီးခြင်း ၊ တိုင်းပြည်မှ နှင်ထုတ်ခြင်းမပြုရ ။

(၈) လူတိုင်းမျှတသော တရားစီရင်မှု ခံခွင့်ရှိသည် ။ လူအများ ကြားနာနိုင်သော တရားရုံးဖြစ်ရမည် ။

(၉) အပြစ်ရှိသည်ဟု ခိုင်လုံသော အထောက်အထား မရှိမချင်း၊ ထိုသူသည် အပြစ်မရှိ ။

(၁၀) (မကောင်းသော ရည်ရွယ်ချက်ဖြင့် အခြားသူ၏ စာများဖောက်ခြင်း ၊ အိမ်အတွင်း စစ်ခြင်းမပြုရ ။

လူတိုင်း မိမိတိုင်းပြည်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိသည် ။

(၁၁) **မတရား အပြစ် ပေးခံရမည် ဆိုပါက အခြားနိုင်ငံအတွင်း ခိုလှုံခွင့် တောင်းခံ နိုင်သည် ။**

(၁၂)

(၁၃)

(၁၄)

(၁၅) လူတိုင်းနိုင်ငံ တစ်နိုင်ငံတွင် နိုင်ငံသား ဖြစ်ခွင့်ရှိသည် ။ ဆန္ဒရှိပါက အခြား နိုင်ငံသား အဖြစ် ခံယူခွင့်ရှိသည် ။

အရွယ်ရောက်ပြီးသော ကျား ၊ မတိုင်း မိမိဆန္ဒဖြင့် လက်ထပ်ခွင့် အိမ်ထောင် ထူထောင်ခွင့်ရှိသည် ။

(၁၆) လူတိုင်း ကိုယ်ပိုင်ပစ္စည်း ပိုင်ဆိုင်ခွင့်ရှိသည် ။

လူတိုင်း လွတ်လပ်စွာ ကိုးကွယ်ခွင့်ရှိသည် ။ ဆန္ဒရှိပါက အခြားဘာသာသို့ ကူးပြောင်းနိုင်သည် ။

(၁၇) လူတိုင်း လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်ရှိသည် ။

(၁၈) လူတိုင်း ငြိမ်းချမ်းသော နည်းဖြင့်ဖွဲ့ထားသော အဖွဲ့များသို့ လွတ်လပ်စွာ ဝင်ခွင့်ရှိသည် ။

**လူတိုင်း မိမိတိုင်းပြည်၏ အစိုးရကို မိမိမဲဆန္ဒဖြင့် ရွေးချယ်ပိုင်ခွင့် ရှိသည် ။**

(၁၉) လူတိုင်း လူမှုဘဝဖူလုံရေး ခံစားခွင့်ရှိသည် ။

(၂၀) လူတိုင်း သင့်တင့်သော လစာဖြင့် အလုပ်လုပ်ခွင့် အလုပ်သမား သမဂ္ဂများသို့ ဝင်ရောက်ခွင့်ရှိသည် ။

လူတိုင်း အပန်းဖြေ အနားယူခွင့်ရှိသည် ။

(၂၁) လူတိုင်း လုံလောက်သော လူနေမှုအဆင့်အတန်းနှင့် ဆေးကုသခံခွင့်ရှိသည် ။

(၂၂) လူတိုင်း ပညာသင်ကြားခွင့် ရှိသည် ။ အနိမ့်ဆုံး မူလတန်းပညာကို အခမဲ့ သင်ခွင့်ရှိသည် ။

(၂၃) လူတိုင်း မိမိပတ်ဝန်းကျင်၏ ယဉ်ကျေးမှုတွင် ပါဝင်ခွင့်ရှိသည် ။

**လူတိုင်း ဤစာတမ်းပါ အခွင့်အရေးများကို လေးစားရမည် ။**

(၂၄) လူတိုင်း အခြားသူများ၏အခွင့်အရေးများကိုလေးစားရမည်။

(၂၅) ဤစာတမ်းပါအခွင့်အရေးများကို မည်သူမျှမချိုးဖောက်ရ။

(၂၆)

(၂၇)

(၂၈)

နောက်ဆက်တွဲ (ခ) – (၁)

" ဂျော်ဂျာကာတာ လူ့အခွင့်အရေး စံချိန်စံညွှန်းများ "

" Yogyakarta Principles "

(၁) လူ့အခွင့်အရေးများကို ခံစားပိုင်ခွင့်ရှိသည် ။

(၂) ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်ခွင့်နှင့် တန်းတူညီခွင့်ရှိသည် ။

(၃) ဥပဒေရှေ့မှောက်တွင် အသိမှတ်ပြုခံခွင့်ရှိသည် ။

(၄) အသက်ရှင် ရပ်တည်ခွင့်ရှိသည် ။

(၅) လုံခြုံခွင့်ရှိသည် ။

(၆) ပုဂ္ဂလိကလွတ်လပ်ခွင့်ရှိသည် ။

(၇) **မည်သူ့ကိုမျှ မတရားဖမ်းဆီးခွင့်မရှိ ။**

(၈) မျှတသော တရားစီရင်ခံ ပိုင်ခွင့်ရှိသည် ။

(၉) ချုပ်နှောင် ထားချိန်အတွင်း လူသား တစ်ယောက်ကဲ့သို့ ပြုမူ ဆက်ဆံခံ ပိုင်ခွင့်ရှိသည် ။

ညှဉ်းပန်းနှိပ်စက် အပြစ်ပေးခြင်းမှ ကင်းလွတ်ခွင့်ရှိသည် ။

(၁၀) လူကုန်ကူးခြင်း နှင့် အမြတ်ထုတ်ခြင်း အမျိုးမျိုးမှ ကင်းလွတ်ခွင့်ရှိသည် ။

(၁၁) တန်းတူ အလုပ်လုပ်ခွင့်ရှိသည် ။

(၁၂) လူမှုဖူလုံရေး အထောက်ပံ့များ ရရှိခံစားခွင့်ရှိသည် ။

(၁၃) သင့်တင့်လျောက်ပတ်သည့် လူနေမှုအဆင့်အတန်းကို ရရှိခံစားခွင့်ရှိသည် ။

(၁၄)

နောက်ဆက်တွဲ (ခ) – (၂)

(၁၅) သင့်တင့်ပြီး လုံခြုံသည့် နေအိမ် ပိုင်ဆိုင်ခွင့်ရှိသည် ။

(၁၆) တန်းတူ ပညာသင်ခွင့်ရှိသည် ။

(၁၇) အမြင့်ဆုံး ကျန်းမာရေးစောင့်ရှောက်မှု ခံစားပိုင်ခွင့်ရှိသည် ။

(၁၈) ဆေးပညာဆိုင်ရာ အလွဲသုံးစားလုပ်ခြင်းမှ ကာကွယ်ပေးရမည် ။

(၁၉) လွတ်လပ်စွာ ယုံကြည်ခွင့် နှင့် ထုတ်ဖော် ပြောဆိုခွင့်ရှိသည် ။

(၂၀) လူတိုင်း ငြိမ်းချမ်းစွာစုဝေးပိုင်ခွင့် နှင့် အဖွဲ့အစည်း ဖွဲ့စည်းပိုင်ခွင့်ရှိသည် ။

(၂၁) လွတ်လပ်စွာ တွေးခေါ်ခွင့် နှင့် ကိုးကွယ် ယုံကြည်ခွင့်ရှိသည် ။

(၂၂) မိမိတို့ တိုင်းပြည်အတွင်း လွတ်လပ်စွာ သွားလာခွင့်ရှိသည် ။

(၂၃) မတရား အပြစ်ပေးခံရပါက အခြားနိုင်ငံသို့ ခိုလှုံခွင့် တောင်းခံပိုင်ခွင့်ရှိသည် ။

(၂၄) မိသားစု ထူထောင်ပိုင်ခွင့်ရှိသည် ။

(၂၅) လူမှုဘဝတွင် ပါဝင်ခွင့်ရှိသည် ။

(၂၆) ယဉ်ကျေးမှုဘဝတွင် ပါဝင်ခွင့်ရှိသည် ။

(၂၇) လူ့အခွင့်အရေးများကို မြှင့်တင်ပိုင်ခွင့်ရှိသည် ။

(၂၈) အခွင့်အရေး ချိုးဖောက်ခံရပါက ထိရောက်သော ကုစားမှု ရယူခံပိုင်ခွင့်ရှိသည် ။

(၂၉) တာဝန်ခံမှု ရရှိခွင့်ရှိသည် ။

မေးခွန်းများ

| ကုဒ်နံပါတ် ___________ |
|---|
| ___________ |
| ___________ |

မြန်မာနိုင်ငံရှိ ဒေသ (၁၀) နေရာ အတွင်း  LGBTIQ (လိင်စိတ်ခံယူမှုကွဲပြားသူများ) နှင့် non-LGBTIQ များအကြား
LGBTIQ များ၏ အခွင့်အရေးများ နှင့် လူ့အခွင့်အရေးများအား သိရှိနားလည်မှု ဆန်းစစ်ချက်

အောက်ဖော်ပြပါ မေးခွန်းများ၏ အဖြေများအား လျှို့ဝှက်ထားပြီး သုတေသနအချက်အလက်များအား သုတေသန
အကျိုးအတွက်သာ အသုံးပြုမည်ဖြစ်ပါသည်။ ယခုကဲ့သို့ပါဝင်ဖြေကြားပေးသည့်အတွက် ကျေးဇူးတင်ပါသည်။

ညွှန်ကြားချက်များ

| |
|---|
| မြို့နယ် ☐ ကျောက်ပန်းတောင်း ☐ မုံရွာ ☐ မန္တလေး ☐ ပြည် ☐ တောင်ကြီး<br>☐ လားရှိုး ☐ ဟိုပင် ☐ မိုးကောင်း ☐ ကလေး ☐ မလှိုင် |
| ရပ်ကွက် ______________________ |
| မေးမြန်းသည့်ရက်စွဲ ________/________/________ (ရက် / လ / နှစ်) |

အပိုင်း (၁) ယေဘုယျ လက္ခဏာများ

| | |
|---|---|
| ၁ | အသက် (ပြည့်ပြီး) ______________________ |
| ၂ | မွေးရာပါ လိင် ☐ ကျား ☐ မ ☐ ကျား/မ အင်္ဂါ နှစ်မျိုးလုံးပါသူ ☐ အခြား |
| ၃ | ဂျန်ဒါ (Gender)<br>☐ ကျား ☐ မ ☐ လိင်တူချစ်သူ အမျိုးသား (ဂေး/ဟိုမို)<br>☐ လိင်တူချစ်သူ အမျိုးသမီး (လက်စဘီယံ)<br>☐ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ဝတ်ဆင်သူ အမျိုးသား (ယောက်ျားလျာ/တွမ်ဘွိုင်း)<br>☐ ဆန့်ကျင်ဖက်လိင်ကဲ့သို့ ဝတ်ဆင်သူ အမျိုးသမီး (အပွင့်/မိန်းမလျာ) |
| ၄ | လိင်စိတ်တိမ်းညွတ်မှု (Sexual Orientation)<br>☐ ဆန့်ကျင်ဘက်လိင်ကို စိတ်ဝင်စားသူ<br>☐ လိင်တူချင်း စိတ်ဝင်စားသူ<br>☐ လိင်တူ လိင်ကွဲ စိတ်ဝင်စားသူ |
| ၅ | လိင်စိတ်တိမ်းညွတ်မှုသည် မွေးရာပါ သို့မဟုတ် ရွေးချယ်၍ရသည်ဟုထင်ပါသလား။<br>☐ မွေးရာပါဟုထင်သည်<br>☐ ရွေးချယ်၍ရသည်ဟုထင်သည်<br>☐ မသိပါ။<br>☐ အခြား ______________ |

မေးခွန်းများ

ကုဒ်နံပါတ် ____________
____________
____________

| | | | |
|---|---|---|---|
| ၆ | ပညာအရည်အချင်း<br>☐ စာတတ်မြောက်ခြင်းမရှိ/ ရေးတတ်ဖတ်တတ် ☐ မူလတန်း ☐ အလယ်တန်း<br>☐ အထက်တန်း ☐ တက္ကသိုလ် / ဘွဲ့လွန် ☐ ဘုန်းကြီးကျောင်းပညာ<br>☐ အခြား ____________ | | |
| ၆ က | သင်ကျောင်းဆက်တက်ချင်ပါသလား။ ☐ တက်ချင်သည် ☐ မတက်ချင်ပါ<br>ဘာကြောင့်လဲ | | |
| ၇ | အလုပ်အကိုင်<br>☐ အလုပ်လက်မဲ့ ☐ နေ့စား ☐ ဆိုင်/လုပ်ငန်း ပိုင်ရှင်<br>☐ လိင်လုပ်သား ☐ နိုင်ငံ့ ဝန်ထမ်း ☐ ဈေးသည် / အရောင်း<br>☐ နတ်ကတော် ☐ မိတ်ကပ် / ပန်းအလှပြင် ☐ ကျောင်းသား/သူ<br>☐ အခြား ____________ | | |
| ၈ | ခန့်မှန်း (၁) ရက် ဝင်ငွေ ____________ ကျပ် | | |
| ၉ | ခန့်မှန်း (၁) လ ဝင်ငွေ ____________ ကျပ် | | |
| ၁၀ | လွန်ခဲ့သည့် ၃ နှစ်တာ နှင့် နှိုင်းယှဉ်ပါက ဝင်ငွေတိုးလာပါသလား။ ☐ တိုးလာ ☐ မတိုး | | |
| ၁၁ | လွန်ခဲ့သည့် ၃ နှစ်တာ နှင့် နှိုင်းယှဉ်ပါက ဝင်ငွေလျော့သွားပါသလား။ ☐ လျော့ ☐ မလျော့ | | |
| ၁၂ | အိမ်ထောင်ရေး အခြေအနေ<br>☐ အိမ်ထောင်မရှိ ☐ အိမ်ထောင်ရှိ ☐ အတူနေ<br>☐ အိမ်ထောင်ကွဲ ☐ သီးခြားစီနေ ☐ မုဆိုးဖို / မ | | |
| | | | |
| အပိုင်း (၂) လူ့အခွင့်အရေးချိုးဖောက်မှုများ၊ တရားဥပဒေနှင့် LGBTIQ များ၏ အခွင့်အရေး နှင့် စပ်လျဉ်းသည့် သိနားလည်မှု | | | |
| | | Yes | No |
| ၁၃ | မြန်မာနိုင်ငံသားတစ်ဦးအနေဖြင့် နိုင်ငံတွင်း နေထိုင်ခြင်းသည် ဥပဒေအရ လုံခြုံမှုရှိသည်ဟု ထင်ပါသလား | ☐ | ☐ |
| ၁၄ | ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၇၇ နှင့်ပတ်သက်ပြီး သိရှိပါသလား။<br>(ပုံမှန်မဟုတ်သောလိင်ဆက်ဆံမှု) – အကယ်၍ ၁၄ ကို NO ဟုဖြေလျှင်မေးခွန်း ၁၇ ကို သွားပါ။ | ☐ | ☐ |
| ၁၅ | ၄င်း ပုဒ်မနှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်း ရှိပါသလား။ | ☐ | ☐ |

မေးခွန်းများ

ကုဒ်နံပါတ် ____________

____________

____________

| | | Yes | No |
|---|---|---|---|
| ၁၆ | ပုဒ်မ ၃၇၇ အား ပြင်ဆင်ခြင်း (သို့မဟုတ်) ပယ်ဖျက်ခြင်း ပြုလုပ်သင့်ပါသလား။ | ☐ | ☐ |
| ၁၇ | ရဲအက်ဥပဒေ ၃၅ (ဃ) ကိုသိရှိပါသလား။ (မှောင်ရိပ်ခိုမှု) | ☐ | ☐ |
| ၁၈ | ၄င်း အက်ဥပဒေနှင့် စပ်လျဉ်းပြီး အရေးယူခံရခြင်း (သို့) ခြိမ်းခြောက်ခံရခြင်း ရှိပါသလား။ | ☐ | ☐ |
| ၁၉ | လိင်တူချင်းလက်ထပ်ခြင်းသည် မြန်မာနိုင်ငံတွင် တရားဝင်ဖြစ်သင့်ပါသလား။ | ☐ | ☐ |
| ၂၀ | မဖြစ်သင့်ပါဟု ယူဆလျှင် မည်သည့်အတွက်ကြောင့်ဟုထင်ပါသနည်း | | |
| | မိမိ၏ ဘာသာရေးအမြင်နှင့်ဆန့်ကျင်နေသည် | ☐ | |
| | အိမ်ထောင်ပြုခြင်းသည် အမျိုးသား နှင့် အမျိုးသမီး အကြားတွင်သာဖြစ်သင့်သည်။ | ☐ | |
| | အိမ်ထောင်ရေး၏ အနှစ်သာရကို အားနည်းစေသည်။ | ☐ | |
| | ဓမ္မတာနှင့် ဆန့်ကျင်သည့် ကိစ္စများ ဖြစ်လာနိုင်သည်။ | ☐ | |
| | အိမ်ထောင်ရေးသည် မျိုးဆက်ပွားရန်ဖြစ်သည်။ | ☐ | |
| | ကလေးများအနေဖြင့် မိခင်ရော ဖခင်ပါ ရှိသင့်သည်။ | ☐ | |
| | လက်ထပ်ခြင်းသည့် အခွင့်ထူးတစ်ရပ်ဖြစ်သည်။ အခွင့်အရေး တစ်ရပ်မဟုတ်ပါ။ | ☐ | |
| | မြန်မာနိုင်ငံတွင် လိင်တူချင်း လက်ထပ်ခြင်းကို ပြဌာန်းအတည်ပြုထားခြင်းမရှိ။ | ☐ | |
| | အခြား ____________ | | |
| ၂၁ | သာမန်လက်ထပ်ထိမ်းမြားထားသော လက်ထပ်စုံတွဲများကဲ့သို့ လိင်တူချစ်သူစုံတွဲ များသည် တူညီသော အကျိုးခံစားခွင့်ရရှိသင့်သည်ဟု သင်ထင်ပါသလား။ | ☐ | ☐ |
| ၂၂ | ရဲများသည် လိင်စိတ်ခံယူမှုကွဲပြားသူများအား ဥပဒေမဲ့ ဖမ်းဆီးသည်ကို သင် သတိထားမိပါသလား။ | ☐ | ☐ |

သတိထားမိပါက သင့်ဒေသ/မြို့နယ်အတွင်းရှိ ထိုကဲ့သို့သော အမှုတစ်ခု ဥပမာပေးပါ။

| | | Yes | No |
|---|---|---|---|
| ၂၃ | သင့်ဒေသ/မြို့နယ်အတွင်းရှိ<br>အမျိုးသားကဲ့သို့ပြောင်းလဲဝတ်ဆင်သူများ / ယောကျ်ားလျာ (Tomboy) ☐<br>အမျိုးသမီးကဲ့သို့ပြောင်းလဲဝတ်ဆင်သူများ / မိန်းမလျာ (Transgender Women) ☐<br>ကိုလူမှုအသိုင်းအဝိုင်းတွင်စိတ်ပိုင်း/ရုပ်ပိုင်းအကြမ်းဖက်ခံရခြင်းများကို ကြားဖူးပါသလား။ | ☐ | ☐ |

သိရှိပါက သင့်ဒေသ/မြို့နယ်အတွင်းရှိ ထိုကဲ့သို့သော ဖြစ်စဉ်တစ်ခု ဥပမာပေးပါ။

☐ Tomboy

☐ Transgender Women

| | | Yes | No |
|---|---|---|---|
| ၂၄ | သင့်ဒေသ/မြို့နယ်အတွင်းရှိ<br>အမျိုးသားကဲ့သို့ပြောင်းလဲဝတ်ဆင်သူများ / ယောကျ်ားလျာ (Tomboy) ☐<br>အမျိုးသမီးကဲ့သို့ပြောင်းလဲဝတ်ဆင်သူများ / မိန်းမလျာ (Transgender Women) ☐ | ☐ | ☐ |

မေးခွန်းများ

ကုဒ်နံပါတ် ______________
______________
______________

| | |
|---|---|
| | ကိုယ့်လူမှုအသိုင်းအဝိုင်းတွင်လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်းများကို ကြားဖူးပါသလား။ |
| သိရှိပါက သင့်ဒေသ/မြို့နယ်အတွင်းရှိ ထိုကဲ့သို့သော အမှုတစ်ခု ဥပမာပေးပါ။<br>☐ Tomboy ______________________________________<br>☐ Transgender Women ______________________________________ | |
| ၂၅ | လိင်စိတ်ခံယူမှုကွဲပြားသော မြန်မာ နိုင်ငံသားများ (LGBTIQ) အနေဖြင့် အခြား မြန်မာနိုင်ငံသားများနှင့်တန်းတူ အခွင့်အရေးများ ရနေသည်ဟု ထင်ပါသလား။<br>☐ ထင်သည်<br>☐ မထင်ပါ<br>☐ ထင်မြင်ချက်မရှိ<br>☐ အခြား<br>အဖြေကို အကြောင်းပြရှင်းလင်းပါ။ |
| ၂၆ | လိင်စိတ်ခံယူမှုကွဲပြားသူများအခွင့်အရေးသည် အရေးပါသည်ဟု သင်ခံစားမိပါသလား<br>☐ ခံစားမိသည်<br>☐ မခံစားမိပါ<br>☐ မသေချာ<br>အဖြေကို အကြောင်းပြရှင်းလင်းပါ။ |
| ၂၇ | သင့်တွင် လိင်စိတ်ခံယူမှုကွဲပြားသူဖြစ်သော LGBTIQ သူငယ်ချင်း (သို့) မိသားစုဝင်တစ်ယောက် ရှိပါသလား။<br>☐ သူငယ်ချင်း<br>☐ မိသားစု<br>☐ သူငယ်ချင်းရော မိသားစုပါ<br>☐ မရှိပါ<br>လိင်စိတ်ခံယူမှုကွဲပြားသူများကို မည်သို့မြင်သည်ကို ရှင်းပြပါ။ |
| ၂၈ | လိင်စိတ်ခံယူမှုကွဲပြားသူ နိုင်ငံသားများသည် အစိုးရဌာနများ တွင် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်း လွယ်ကူသည်ဟု သင်ထင်ပါသလား။<br>☐ ထင်သည်<br>☐ မထင်ပါ<br>☐ မသေချာပါ |

မေးခွန်းများ

ကုဒ်နံပါတ် ____________
____________
____________

| | |
|---|---|
| ၂၉ | လိင်စိတ်ခံယူမှုကွဲပြားသူများသည် အလုပ်ခွင်တွင် အခြားသူများ နှင့်တန်းတူ ဆက်ဆံခြင်းခံရသည်ဟု သင်ထင်ပါသလား။<br>☐ ထင်သည်<br>☐ မထင်ပါ<br>☐ မသေချာပါ |
| ၃၀ | သင်လူ့အခွင့်အရေးကြေညာစာတမ်းကို သိရှိပါသလား။<br>☐ သိရှိသည်<br>☐ မသိရှိပါ<br>သိရှိပါက မည်သည့် အချက်များပါဝင်သည်ကို သင်သိသလောက်ဖြေဆိုပါ။<br>(နောက်ဆက်တွဲ - က) သို့<br>၁။<br>၂။<br>၃။<br>...<br>၃၀။ |
| ၃၁ | သင် ဂျော်ဂျာကာတာ လူ့အခွင့်အရေးစံချိန်စံညွှန်းများကို သိရှိပါသလား။<br>☐ သိရှိသည်<br>☐ မသိရှိပါ<br>သိရှိပါက မည်သည့် အချက်များပါဝင်သည်ကို သင်သိသလောက်ဖြေဆိုပါ။<br>(နောက်ဆက်တွဲ - ခ) သို့<br>၁။<br>၂။<br>၃။<br>...<br>၂၉ ။ |